# ကောင်းကင်ဘုံမှစမ်းရေ

## Heavenly Streams 1

# မာတိကာ


လောကကြီးကိုပြုပြင်ပြီးပြောင်းလဲပြစ်လိုက်ပါ ............ ၃
လက်တွေ့မေတ္တာပြခြင်း ............ ၄
ချစ်ခြင်းမေတ္တာ၏အကျိုးပြုတတ်သောတန်ခိုး ............ ၅
သစ္စာတရား ............ ၆
မြင့်မြတ်ထည်ဝါခြင်း ............ ၇
ကြီးမားဆုံးမေတ္တာ ............ ၈
ခံယူချက် ............ ၉
ခွင့်လွှတ်ခြင်းနှင့်ပတ်သက်၍စဉ်းစားဆင်ခြင်ရန်များ ............ ၁၀
ကလေးသူငယ်များ ............ ၁၁
အောင်မြင်သောဆက်ဆံရေး ............ ၁၂
မုန်တိုင်းအလယ်မှငြိမ်သက်ခြင်း ............ ၁၃
ဖြစ်သမျှအကြောင်းအကောင်းချည်းပဲ။ ............ ၁၄
ခေါင်းဆောင်မှု ............ ၁၅
ကြင်နာမှုလေးနည်းနည်းထားကြည့်ပါလား ............ ၁၆
ခေါင်းဆောင်များ ............ ၁၇
သင်ခန်းစာ ............ ၁၈
အကောင်းမြင်ဝါဒ ............ ၁၉
စိတ်နှလုံးနှိမ့်ချခြင်းနှင့်မာန်မာန ............ ၂၀
သူချစ်သကဲ့သို့ချစ်ပါ ............ ၂၁
မလျော့လိုက်လေနဲ့ ............ ၂၂
မေတ္တာ ............ ၂၃
အတင်းအဖျင်း ............ ၂၄
အကောင်းမြင်တတ်ခြင်း ............ ၂၅
ထာဝရနပျိုခြင်း ............ ၂၆
စစ်မှန်သောစိတ်နှိမ့်ချခြင်း ............ ၂၇
အောင်မြင်မှုနှင့်ဆုံးရှုံးမှုများ ............ ၂၈
အောင်မြင်ခြင်းနည်းလမ်း ............ ၂၉
စစ်မှန်သောမေတ္တာ ............ ၃၀
ဆုံးရှုံးမှုအပေါ်အနိုင်ယူခြင်း ............ ၃၁
သင်ထင်မြင်သကဲ့သို့ဆက်နွယ်ဖြစ်ပေါ်လာတတ်၏ ............ ၃၂
ထပ်ခါထပ်ခါကြိုးစားပါ ............ ၃၃

လောကကြီးကိုပြုပြင်ပြီးပြောင်းလဲပြစ်လိုက်ပါ

အရာခပ်သိမ်းအောင်နိုင်တာစစ်မှန်မေတ္တာပါ

"ဒီလောကကြီးဟာ ဆိုးဝါးလွန်းပြီး၊ ကြီးမားလွန်းလို့၊ ဘာမှမလုပ်တတ်အောင် ခက်ခဲလွန်း လှပါတယ်" လို့ မျှော်လင့်ချက် ကင်းဝေးတဲ့ ခံစားမှုနဲ့ ဒီကမ္ဘာကြီးကို စိတ်ကုန်ခန်း မိဖူးပါသလား? တကယ်တော့ လူတိုင်းလိုလို ဒီလိုခံစားခဲ့ဖူးမှာ ဖြစ်ပြီး "ဒါပေမယ့် ငါဟာဘာလဲ၊ငါဘာတတ်နိုင်သလဲ?" လို့ ကိုယ့်ကိုယ်ကို သုံးသပ်မိကြမှာပါ။

အစိုးရများ၊ အာဏာရှိသူများနှင့် တပ်မတော်များသည် သမိုင်းနှင့်တကွ ပစ္စုပ္ပန်၌ ဖြစ်ပေါ်နေမှုများကို ပြောင်းလဲ ပြုပြင်လေ့ရှိကြောင်း သတင်းစာ ခေါင်းကြီးပိုင်းများက ဖော်ပြလျက်ရှိပါသည်။ "ဒါကြောင့်၊ လူတစ်ဦးတစ်ယောက်ဟာ ပိုမိုကောင်းတဲ့ အခြေအနေကို ရောက်အောင် ဘာများတတ်နိုင်ပါသလဲ?" လို့သာ လက်မြှောက်အရှုံးပေး လိုက်ချင်တော့သည်။

သို့သော် ကမ္ဘာလောကကြီး တစ်ခုလုံးကိုသာ မပြောင်းလဲလိုက်နိုင်ပေမယ့်၊ ကိုယ့်အသိုက် အဝန်း၊ ကိုယ့်ကမ္ဘာကလေး အတွက်ကိုတော့ ပြုပြင်နိုင်ပါသေးတယ် ဆိုတာသင် စဉ်းစား ချင့်ချိန်မိဖူး ပါရဲ့လား။ တကယ်တော့ တစ်စိတ်တကဏ္ဍ၊ တစ်ဘဝလေးကို ပြုပြင်နိုင်ပါက လောကကြီးရဲ့ တစ်စိတ်တစ်ပိုင်းကို သင်ပြောင်းလဲနိုင်ပါပြီ။ ဒါဆိုရင် ဒါထက်ပို ပြုပြင်ပြောင်းလဲ သွားနိုင်သေးကြောင်း၊ သာဓက တစ်ခုပင် မဟုတ်ပါလား။

သေးငယ်သော လုပ်ဆောင်ချက် များသည်၊ နက်နဲမှု သဘောကိုဆောင်တတ်ပါသည်။ ဥပမာ အနည်းငယ်မျှသော မေတ္တာသည်ပင် အလွန်ခရီးပေါက် ရောက်တတ်ပါသည်။ ချိုသာသောအပြုံး၊ ကရုဏာပေါ်လွင်သော မျက်နှာနှင့် စွမ်းဆောင်နိုင်သော သင့်ဘဝသည် လူအများအတွက် လင်းရောင်ခြည် သဖွယ်သာမက၊ သင်စိုးစဉ်းမျှမသိသော သူတို့အတွက်သည်ပင် အံ့ဩသော စူးရှထိရောက်မှုကို ဖြစ်ပေါ်စေပါသည်။

သူတို့၏ သွင်ပြင်ကို ပြောင်းလဲလိုက်ခြင်း အပြင်စစ်မှန်သောအမြင်များကို ရရှိစေနိုင်ပါသည်။

စစ်မှန်သော မေတ္တာဖြင့် သင်သည် ကျင်လည်နေရသော လောက၊ သင့်ဘဝ၊ သင့်မိသားစု၊ လုပ်ငန်းခွင်၊ စာသင်ကျောင်းများတွင် သာမက နေရာတိုင်း၌ ပြုပြင်ပြောင်းလဲ သွားနိုင်ပါမည်။ ဤလောကကြီး၌ သင့်လိုပင် ချစ်ခြင်းမေတ္တာနှင့် စစ်မှန်သော ပျော်ရွှင်မှုကို ရှာဖွေသူများရှိနေကြပါသည်။

သင့်ကမ္ဘာလေးကို ပြောင်းလဲလိုက်ပါ၊ နှလုံးသားတစ်ခုပြီး တစ်ခု ပြုပြင်လိုက်ပါ။ သင့်ထံမှ တစ်ခွန်း တည်းသောမေတ္တာစကားနှင့် ကြင်နာသော အပြုအမူသည် ပြင်းထန်ကြမ်းတမ်းလှသောသူ တစ်ဦး တစ်ယောက်၏ ဘဝကို ယနေ့ပြောင်းလဲသွား စေမည်သာ ဖြစ်ပါသည်။

### အသေးငယ်ဆုံးကောင်းမှုပြုလုပ်ခြင်းသည် ထည်ဝါသောရည်ရွယ်ချက်ထက် သာလွန်ကောင်းမွန်၏။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့နှင့် ဆက်စပ်ပတ်သက်သော သူများအား ချစ်ခင်နှစ်သက်ကြောင်းကို လည်းကောင်း၊ ကျေနပ်တန်ဖိုးထားပြီး နှစ်သိမ့်အားပေးရန် အတွက်ကို လည်းကောင်း၊ အခါအားလျော်စွာ မထင်မမှတ်ဘဲ ပျက်ကွက်ကာ လျစ်လျူရှုတတ်ကြသည်မှာ ငြင်းကွယ်၍ ရမည်မဟုတ်ပါ။ သို့သော် အကယ်၍ ကျွန်ုပ်တို့သည် အသက်ရှင်ရန် ၅ မိနစ် သာ ကျန်ရှိတော့ကြောင်း သတိပေးခြင်း ခံရပါလျှင် ၅ မိနစ်အတွင်း ကျွန်ုပ်တို့အတွက် အပြောချင်ဆုံး စကားကို ပြောရမည်ဆိုပါက တယ်လီဖုံးတိုင်းသည် ထစ်ထစ်ငေါ့ငေါ့ အသံများဖြင့် တစ်ဦးက တစ်ဦးကို ချစ်ပါကြောင်း ဟူသော ပြောဆိုသံများဖြင့်သာ ပြည့်လျှံသွားမည်သာ ဖြစ်ပါသည်။ အကယ်၍ သင်သည် သူတစ်ဦးတစ်ယောက်ကို ချစ်နေပါလျှင် ထိုသူအား ချစ်ကြောင်းကိုသာ ဖွင့်ပြောလိုက်ပါ။ သူတစ်ဦးအပေါ် ကျေးဇူးတရား ရှိနေပါကလည်း ကျေးဇူးတင်ကြောင်းကို ပြောသာပြောလိုက်ပါ။ ထိုသူသည်လည်း ၄င်းအချိန်တွင် ကြင်နာယုယသော ချစ်ကြောင်း စကားလေးနှင့် အားပေးခြင်း ကို တမ်းတနေကောင်းတမ်းတနေပါမည်။

" ဗဟို " ဟု လူသိများခဲ့သော တယ်လီဖုန်း အော်ပရေတာတစ်ဦးသည် မောပန်းနွမ်းနယ်ပြီး ခေါင်းကိုက်ဝေဒနာ ကို ခံစားနေရပါသည်။ သူသည် ထပ်ခါထပ်ခါ ကြိုးပမ်းအားထုတ်မှုကြောင့် အမျိုးသမီးတစ်ဦးက လိုလားလွန်းလှသော တယ်လီဖုန်းနံပါတ်ကို နောက်ဆုံး၌ အောင်မြင်စွာ ဆက်သွယ်ပေးနိုင်ခဲ့ပါသည် ထိုသို့အောင်မြင်စွာရလိုသော နံပါတ် ကို ခေါ်ပေးရသည်ပင် မကြာသေးမီ ယင်းအမျိုးသမီးက ယခုတစ်ကြိမ်သူ့ထံ ထပ်မံဆက်သွယ်လာပြီး "အဲဒီမိန်းမ ခဏလောက်များငြိမ်နေလို့ မရဘူးလား" မိမိကိုယ်ဒေါသစိတ်ဖြင့် ပြန်ပြောမိနေသည်။ သို့သော် ဒေါသသံအရိပ်အသံ မပေါ်မိစေရန်အတွက် "နံပါတ်ပြောပါရှင်" ဟု ထပ်မေးလိုက်ပါသည်။ "ဗဟို"ဟု ချိုသာသော အသံတစ်သံက ပေါ်ထွက်လာပါသည်။ "အဲဒီ ကျွန်မရဲ့နောက်ဆုံးနံပါတ်ကို ခက်ခက်ခဲခဲ ကြိုးစားဆက်သွယ် ခေါ်ပေးခဲ့လို့ ရှင့်ကို ကျေးဇူးတင် လွန်းလို့ပါ။ ရှင်ဟာ အမြဲပင် ကြင်နာ ထောက်ထားတတ်တဲ့ အပြင်တာဝန်လည်း ကျေပွန်လွန်းတဲ့အတွက် ရှင့်ကိုကျွန်မ အရမ်းပဲ တန်ဖိုးထား ဂုဏ်ယူမိကြောင်းကို ရှင့်ကို သိစေချင်လွန်းလို့ပါ "ဟု ကျေးဇူးတရား တန်ဖိုးထားတတ်သော အမျိုးသမီးက ဖုံးဆက်ပြောကြားလိုက်ခြင်း ဖြစ်ပါသည်။လွန်စွာအံ့သြမှုနှင့် အတူမယုံနိုင်သော သာယာကြည်နူးမှု လွှမ်းခြုံသံများနှင့်အတူ "ဗဟို" က "ဟုတ်–ဟုတ်–သြဟုတ်ကဲ့မမ"ဟူ၍သာ တယ်လီဖုံးအော်ပရေတာက ပြန်လည် ရေရွတ်နိုင်ခဲ့ပါတော့သည်။ အံ့သြလောက်နိုင်ပေသည်။ အကြောင်းမှာ ဤကဲ့သို့ တစ်ခါမျှမကြုံစဖူးပါ။ ခေါင်းကိုက် ဝေဒနာချက်ချင်း ပျောက်ကင်းသွားပါပြီ။ အချိန်ကလေးကလည်း လင်းသွားသလို လည်ချောင်းထဲက တစ်ဆို့မှုတစ်ခု နှင့်အတူ တယ်လီဖုန်းအော်ပရေတာ အမျိုးသမီးမှာ ကျေးဇူးတင်ခံလိုက်ရသော ပီတိကို မျက်ရည်စများကြားမှ ခံစားလိုက် ရပါတော့သည်။

ထိမိသော ခံစားချက်ဖြင့် ဖြစ်ရပ်မှန်တစ်ခု ပါတကား။ သူတစ်ပါးက မိမိကို ချစ်ခင်ကြောင်းနှင့် ဂုဏ်ယူမိ ပါကြောင်း ရိုးသားစွာ ပြောဆိုချီးကျူးလာပါက ပီတိသောမနသ ခံစားရမည်သာ။

၂။ မဆင်မချင်စကားတစ်ခွန်းကြောင့်ခိုက်ရန်ပွားများနိုင်၊
ရက်စက်သောစကားတစ်ခွန်းကြောင့်ဘဝတစ်ခုလုံးပျက်နိုင်
ခါးသီးသောစကားတစ်ခွန်းကြောင့်အမုန်းများပွားများစေနိုင်
ကြမ်းတမ်းသောစကားတစ်ခွန်းကြောင့်သတ်ဖြတ်သေကြေမှုဖြစ်စေနိုင်
သာယာကြင်နာစကားတစ်ခွန်းကြောင့်လမ်းခရီးချောမွေ့စေနိုင်
ဝမ်းမြောက်ဖွယ်စကားတစ်ခွန်းကြောင့်တစ်နေ့တာလုံးကြည်လင်နိုင်
အချိန်မှီအသိပေးစကားတစ်ခွန်းကြောင့်တင်းမာမှုလျော့နည်းနိုင်
ချစ်ခင်ပြည့်ဝသောစကားတစ်ခွန်းကြောင့်ရောဂါပျောက်ကင်းကောင်းချီးဖြစ်ထွန်းနိုင်ပေအံ့။

ချစ်ခြင်းမေတ္တာ၏အကျိုးပြုတတ်သောတန်ခိုး

မေတ္တာပျက်ကအပြစ်များသာမြင်တတ်၏ ။

စည်ကားရှုပ်ထွေးသောမြို့တစ်မြို့ရဲ့လမ်းပေါ်ကျွန်ုပ်ရပ်ပြီး
အဆောက်အဦတစ်ခုလူများဖြိုချနေတာမြင်ရသည်။
"ဟေး" "ဟိုး" "ဟေး" ဆိုတဲ့ပြင်းထန်သောအားစိုက်သံနှင့်အတူ
ယက်မကြီးယိမ်းယိုင်ကာတိုက်ကြီးပြိုကျလာတော့၏ ။
ကျွန်ုပ်ကအလုပ်သမားခေါင်း အားမေးမိသည်
"ယခုဖြိုဖျက်နေသောသူများသည် ဆောက်တည်ရန်ငှားရမ်းသော
သူများကဲ့သို့ပင်ကျွမ်းကျင်မှုရှိပါသလား"
"အို ဘယ်ဟုတ်ပါ့မလဲ၊ သူတို့ကတကယ်မကျွမ်းကျင်ကြပါဘူး"
ကျွမ်းကျင်သည့်ဆောက်လုပ်ရေးလုပ်သားများတစ်နှစ်ကြာတည်ဆောက်ရ
သောအဆောက်အဦကိုလည်းကျွန်တော်အလိုရှိပါကတစ်ရက်တည်းနှင့်
ဖြိုဖျက်နိုင်တဲ့သာမန်လူတွေပဲလိုပါတယ်။
ကျွန်တော်လည်းခရီးဆက်ရင်း
"ကျွန်ုပ်ဘယ်အခန်းကဏ္ဍကပါဝင်ဆောင်ရွက်နေပါလိမ့်" ဟုစဉ်းစားမိသည်။
ဘဝခရီးလျှောက်လမ်းရာတွင်ကျွန်ုပ်သတိတရားရှိပါရဲ့လား
သူတစ်ပါးနဲ့ပတ်သက်၍ကျွန်ုပ်ပြောဆိုသောစကားများမှန်ကန်လျောက်ပတ်မှု
ရှိပါရဲ့လား
ဒါမှမဟုတ်ကျွန်ုပ်ဟာမြို့ထဲလှည့်ပတ်ပြီးလူတွေကိုဖျက်ဆီးနေသော
အဖျက်သမားတစ်ဦးပင်လော။

၂။ မှတ်သားဖွယ်ရာနှင့်ပိုမိုကောင်းမည့်လုပ်ဆောင်ချက်ကားတည်ဆောက်ရေး
အဖွဲ့နှင့်လက်တွဲလုပ်ကိုင်ပါ၊ အဖျက်သမားများကိုရှောင်ရှားပါ။

သစ္စာတရား

လူကောင်းများဘာမျှမလုပ်ဘဲနေလိုက်ခြင်းဖြင့်
မကောင်းမှုများအနိုင်ရစေဖို့ဖြစ်စေ၏။

၁။ ယနေ့ကမ္ဘာကြီး လိုအပ်နေတာကတော့ ယုံကြည်မှု ခိုင်မာသူများ သက်ဝင်ယုံကြည် မှုရှိသူများပင်၊ ထိုပုဂ္ဂိုလ်များသည် လူသို့မဟုတ် နိုင်ငံရေး စည်းရုံးမှုများကြောင့် ထိုသို့ မြဲမြံသော ယုံကြည်မှုများ ရှိနေရခြင်းမဟုတ်ဘဲ၊ အမှန်တရားနှင့် စံချိန်စံညွှန်းမူ သဘောတရားများ အပေါ်သစ္စာ သိရှိခြင်းကြောင့်သာ ဖြစ်သင့်ပေသည်။

၂။ လူအတော်များများသည်မိန်းမများအဝတ်အစားလဲလှယ်သကဲ့သို့လတ်တလော ကောင်းစားရေးကို ကြည့်ပြီး စိတ်ဓာတ်နှင့် သစ္စာရှိမှု ပြောင်းလဲတတ်ကြောင်း ဤလောက၌ တွေ့သည်မှာ အကြောင်းမလှလေစွ။

၃။ ကျွန်ုပ်တို့ကို သတ္တိနှင့် ခံယူချက် ပြည့်ဝသော အမှန်တရားနှင့် အမှန်ကို သိတတ်သူ များနှင့် မှန်ကန်မှုများအတွက် လိုအပ်ပါက မိမိတို့ ကိုယ်ကျိုးကို အနစ်နာခံတတ်သော လူများကိုပေးပါ။

၄။ ယုံကြည်မှုရှိသော သူအား သူ၏ယုံကြည်မှုကို ရပ်ပစ်ရန် တားမြစ်၍ မရနိုင်ပါ။ သူသည် သင်နှင့် အတူတကွ နေထိုင်ဆက်ဆံမည် သို့မဟုတ် သင်နှင့်အဆက်ဖြတ်မည်၊ သို့မဟုတ် သင်အဖော်ကို လိုအပ်ပါက လွှမ်းမိုးသွား မည်သာဖြစ်သည်။ အမှန်တရားဟူသော အရာသူသေချာစွာ သိရှိပြီး မည်သည့်အခြေအနေမဆို အမှန်တရားအတွက်ရပ်တည်ရင်ဆိုင် ရန်ဆန္ဒရှိသည်။

၅။ ကမ္ဘာ့သမိုင်းတွင်ကျွန်ုပ်တို့သည်ကိုယ်ကျင့်တရားကောင်းမွန်ပြီးသက်ဝင်ယုံကြည်မှု ရှိသူနှင့် ယုံကြည်မှု ခိုင်မာသူများကို လိုအပ်သော အချိန်များ ရှိခဲ့ပါလျှင် ထိုအချိန်သည်ကား ယခုအချိန်ပင် ဖြစ်ပါသည်။ ယုံကြည်ချက် ခိုင်မာပါမှ အသက်ရှင်နိုင်မည် ဖြစ်သကဲ့သို့ ထိုယုံကြည်မှုအတွက် တစ်ခုခု အကောင်အထည် ဖော်ရပါမည်။ သို့မဟုတ်ပါက သင်သည် အသက်ရှင် ရပ်တည်နိုင်မည် မဟုတ်ပါ။ ဆုံးဖြတ်မှု မပြတ်သားခြင်းထက် သင့်အား လျင်မြန်စွာ ပျက်စီးစေတတ်သော အရာမရှိပါ။

၆။ သင်သည်အမှန်တရားကို တွေ့လျှင်တွေ့ချင်းလက်ခံရယူလိုက်ခြင်း၊လိုက်နာခြင်းနှင့် ၄င်းအပေါ် သစ္စာစောင့်သိခြင်း မရှိပါလျှင် သင်သည် အမှားတစ်ခုက လှည့်စားခံရပြီး ရှုတ်ထွေး ဝေခွဲမရသော နိဂုံးကိုသာ ကြုံတွေ့ရပါမည်။

မြင့်မြတ်ထည်ဝါခြင်း

အစေအပါးပြုခြင်းဆိုသည်မှာ အပိုအလိုမရှိအမိန့်ပေးခြင်းပင်တည်း၊

၁။ အာဏာကို မည်သို့အသုံးချသည်ကိုကြည့်၍ လူတစ်ဦး၏အရည်အသွေးကို အကဲခတ် သုံးသတ်နိုင်ပေသည်။ (ပစ်တာကတ်စ်၊ ဘီစီ ၆၅၀–၅၆၉)

၂။ အာဏာဟူသည်မိမိ၏ ပင်ကိုယ်အားဖြင့် ကောင်းသည်၊ ဆိုးသည်မရှိပါ။ အာဏာကိုပိုင်ဆိုင်သူ၏ပြုမူဆောင်ရွက်ချက်ကသာပြောင်းလဲဖြစ်ပေါ်စေပါသည်။

၃။ ဖိစည်းကြပ်တည်းမှုအောက်တွင် မည်သည့်ခေါင်းဆောင်မဆို မိမိ၏နောက်လိုက်ငယ်သား များအတွင်း ထိပ်လန့်ကြောက်ရွံ့ခြင်းများ ပျံ့နှံ့ဖြစ်ပေါ်စေခြင်းမပြုလုပ်၊ အခြေအနေခက်ထန်လေ၊ ထိုခေါင်းဆောင်မှာ တည်ငြိမ်လေပင် ဖြစ်ပေမည်။ ၄င်းသည် ထိုခက်ခဲကြပ်တည်းမှုများအတွင်းမှ အခြေအမြစ်ရှိ မှန်ကန်သော အဖြေရရန်ဆုံးဖြတ်ပြီး၊ ယင်းဆုံးဖြတ်ချက်ကို ကောင်အထည်ဖော်မည် သာဖြစ်သည်။

၄။ မိမိကိုယ်ကိုယ်ကိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ခေါင်းဆောင်တစ်ဦးသည် နောက်လိုက်ငယ်သား များ၏အရည်အသွေးကို မြင့်တင်ပေးနိုင်ပေမည်။ စာရေးဆရာတစ်ဦးက “မိမိကိုယ်ကို ပိုမိုကောင်းမွန်အောင ်ပြုလုပ်တတ်သူသည် မိမိနှင့် ထိတွေ့ ဆက်စပ်သူအားလုံးကိုလည်း ပိုမိုကောင်းမွန်လာစေရန် ပြုလုပ်ပေးနေပေသည်။

၅။ ခေါင်းဆောင်တစ်ဦး၏အပြီးသပ်စစ်ဆေးချက်ကားထိုခေါင်းဆောင်သည်တစ်ပါးသူများအား ခိုင်မြဲတည်ကြည်ခြင်းနှင့် ဆက်လက်ဆောင်ရွက်ရန် ဆန္ဒရှိသောစိတ်များ ဖြစ်ပေါ်စေနိုင်ခြင်း ပင်ဖြစ်သည်။

၆။ စီမံခန့်ခွဲသောအမှုဆောင်တစ်ဦးသည်မည်သည့်အဖွဲ့အစည်း၌မဆို အမြော်မြင်စိတ်ကူး ရှိပြီး၊ စည်းရုံးရေးကို ရဲဝံ့စွာ စွမ်းဆောင်နိုင်သော လုပ်အား စီမံခန့်ခွဲတတ်သူပင် ဖြစ်မည်။

၇။ ကတိမတည်ခြင်းထက်၊ ယဉ်ကျေးခိုင်မာစွာ တောင်းဆိုချက်တစ်ခုကို ငြင်းပယ်ခြင်းက သာ၍ကောင်းမွန်၏။

၈။ တရားသူကြီးတစ်ဦး၌ အချက်(၄)ချက် လိုအပ်နေ၏။ ယဉ်ကျေးသိမ့်မွေ့စွာ ကြားနာတတ်ခြင်း၊ လိမ္မာစွာ ဖြေကြားတတ်ခြင်း၊ တည်ငြိမ်အေးဆေးစွာ ဝေဖန်စဉ်းစားခြင်းနှင့် ဘက်မလိုက်ဘဲ ဆုံးဖြတ်တတ်ခြင်းများပင် ဖြစ်သည်။

၉။ လူတစ်ဦးအားသူ၏ပြောဆိုချက်အရဆုံးဖြတ်စီရင်ခြင်းမပြုဘဲ ထိုသူအဘယ်ကြောင့် ထိုကဲ့သို့ ပြောရသည်ကို ကြိုးစား ရှာဖွေရပါမည်။

၁၀။ မကောင်းမှုကိုကန့်ကွက်ခြင်းမပြုဘဲသီးခံတတ်သောသူသည်စင်စစ်မကောင်းမှုနှင့်ပူးပေါင်းနေထိုင်ခြင်း ဖြစ်သည်။

## ကြီးမားဆုံးမေတ္တာ

သူတစ်ပါးကိုပျော်ရွှင်စေခြင်းဖြင့် မိမိကိုယ်တိုင်ပျော်ရွှင်မှုရရှိနိုင်၏။

မည်သည့်အရာကိုပစ်မှတ်ထားသည်ဖြစ်စေ ယခုတော့ဒုံးကျည်များသည်သာသနာပြုအဖွဲ့ငယ်တစ်ဖွဲ့ကဦးစီး ဖွင့်လှစ်ထားသော မိဘမဲ့ဂေဟာပေါ်သို့ကျရောက်ပေါက်ကွဲခဲ့ပါသည်။ သူနာပြုများနှင့်ကလေးသူငယ်တစ်ဦးနှစ်ဦးပွဲချင်းပြီး သေဆုံး၍ (၈)နှစ် အရွယ်မိန်းကလေးတစ်ဦးအပါအဝင်ကလေးအတော်များများထိခိုက်ဒဏ်ရာများရရှိခဲ့ပါသည်။

ရွာသူရွာသားများက အမေရိကန်ဆေးတပ်ဖွဲ့များနှင့်အဆက်အသွယ်ရှိသည့်အခြားနီးစပ်သောရွာတစ်ရွာသို့ဆေးဝါး အကူအညီများ မေတ္တာရပ် အကူအညီတောင်းခံခဲ့သည်။ ထိုမေတ္တာရပ်ခံချက်အရ အမေရိကန် ရေတပ်ဆရာဝန်တစ်ဦးနှင့် သူနာပြုတစ်ဦးတို့ ကမိမိတို့၏ ဆေးဝါးသေတ္တာကိုဆွဲကာ ဂျစ်ကားတစ်စီးဖြင့် ရောက်ရှိလာကြပါသည်။ (၈)နှစ်အရွယ် မိန်းကလေးသည် အသက်အန္တရာယ် အစိုးရိမ်ရဆုံးသော ထိခိုက်မှုများရရှိခဲ့ကြောင်း ဆရာဝန်နှင့် သူနာပြုတို့ စစ်ဆေးတွေ့ရှိကြပါသည်။ လျင်မြန်စွာ ကုသခြင်းမပြုက ကလေးမလေးမှာ သွေးလွန်ဆုံးရှုံးခြင်းနှင့် ထိပ်လန့်ခြင်းတို့ကြောင့် သေဆုံးနိုင်ပါသည်။

သွေးသွင်းရန် အမှန်လိုအပ်ပြီး သွေးတူအုပ်စုမှအလှူရှင်တစ်ဦးကိုလည်းလိုအပ်နေပါသည်။လျင်မြန်စွာစိစစ်မှုများ ပြုလုပ်သော်လည်း အမေရိကန်နှစ်ဦးစလုံး၏သွေးအမျိုးအစားမှာ ခလေးမ၏သွေးအမျိုးအစားမဟုတ်ပေ။ သို့သော် ဒဏ်ရာလွတ်ကင်းသောမိဘမဲ့ကလေးများ၏သွေးအမျိုးအစားမှာလိုအပ်သောသွေးဖြစ်လေသည်။

အမေရိကန်ဆရာဝန်က အင်္ဂလိပ်စကားရောထွေးနေသောဗီယက်နမ်စကားဖြင့်သော်လည်းကောင်းသူနာပြုကလည်း အထက်တန်းကျောင်းတွင် သင်ခဲ့သည့် တတ်သမျှ ပြင်သစ်စကားဖြင့် သော်လည်းကောင်း ကလေးမ၏ဆုံးရှုံးသွားသော သွေးများကို အစားထိုးမသွင်းပေးနိုင်ပါက ကလေးမှာ အမှန်တကယ် သေဆုံးမည်ဖြစ်ကြောင်း ကြောက်ရွံ့စိုးရိမ်စွာဖြင့် ဝိုင်းအုံကြည့်နေသူများအားသဘောပေါက်အောင်အတတ်နိုင်ဆုံးရှင်းလင်းပြောဆိုခဲ့ပါသည်။ ထို့နောက်၄င်းတို့အထဲတွင် တစ်စုံတစ်ဦးက မိမိ၏ သွေးကိုပေးလှူရန်ဆန္ဒရှိက ပေးလှူနိုင်ပါကြောင်း မေးမြန်းခဲ့ပါသည်။

အမေရိကန်နှစ်ဦး၏ မေတ္တာရပ်ခံချက်ကိုဆိတ်ငြိမ်ကာပြူးကြောင်သောမျက်လုံးများကတုံ့ပြန်လာပါသည်။ အတန်ကြာမြင့်လာသော အခါတွင်သေးငယ်သောလက်တစ်ချောင်းမြှောက်တက်လာပြီးတစ်ဖန်ပြန်ကျသွားကာနောက်တစ်ဖန် ပြန်မြှောက်တက်လာပြန်ပါသည်။

"အို ကျေးဇူးတင်လိုက်တာ" သူနာပြုကပြင်သစ်ဘာသာစကားဖြင့်ပြောပြီး "မင်းနာမည်ဘယ်လိုခေါ်သလဲ" ဟု ဆက်မေးလိုက်ရာ "ဟန်" ဟုအဖြေထွက်လာပါသည်။

သစ်သားစင်ပေါ်သို့ "ဟန်" ကိုအမြန်တင်ပြီးသူ့၏လက်မောင်းကို အရက်ပြန်ဆွတ်ကာ သွေးကြောအတွင်းသို့ အပ်တစ်ချောင်း ထိုးသွင်းလိုက်ပါသည်။ သွေးထုတ်ယူနေစဉ် တစ်ချိန်လုံး"ဟန်"သည်ကိုယ်ကိုတောင့်ကာငြိမ်သက်စွာရှိနေခဲ့ပါသည်။

အချိန်အတန်ကြာသောအခါ ရှိုက်သံတစ်ခုထွက်ပေါ်လာပြီး"ဟန်"သည်လွတ်နေသောမိမိ၏အခြားတစ်ဖက်ဖြင့် မိမိမျက်နှာကို အုပ်ထားလိုက်ပါသည်။

"နာနေသလားဟန်" ဟုဆရာဝန်ကမေး၏။ မနာပါကြောင်း ဟန်ကခေါင်းခါရမ်းပြ၏။ သို့သော် မိနစ်အနည်းငယ် အတွင်း ရှိုက်သံတစ်သံထွက်ပေါ်လာပြန်ရာဟန်က မိမိငိုနေကြောင်းကို ဖုံးကွယ်ရန် ကြိုးစားခဲ့ပါသည်။ ဆရာဝန်ကအပ်ချောင်း ကနာကျင်စေသလားဟုမေးပြန်ရာ ဟန်ကလဲမိမိခေါင်းကိုခါရမ်းပြလိုက်ပြန်ပါသည်။

သို့သော်ရှုံ့ဖန်ရှုံ့ခါထွက်ပေါ်လာသောရှိုက်သံများမှာယခုတော့ဟန်တစ်ယောက်ငိုနေကြောင်းပေါ်လွင်လာသဖြင့်ဟန်သည် မိမိမျက်လုံးများကိုဖွတ်မှိတ်ထားပြီးရှိုက်သံများမထွက်လာစေရန်မိမိ၏ပါးစပ်ကိုလက်သီးဖြင့်ပိတ်ဆို့ထားလိုက်ပါသည်။

ဆေးဝါးကုသူများစိုးရိမ်လာကြပါသည်။ တစ်ခုခုတော့အမှန်မှားယွင်းနေပြီ။ထိုအချိန်တွင်ဗီယက်နမ်သူနာပြုတစ်ဦးသည်အကူအညီ ပေးရန်ရောက်ရှိလာပါသည်။ ကလေးငယ်၏ပရိဒေဝသောကကိုမြင်လိုက်သည်နှင့်ဗီယက်နမ်ဘာသာ စကားဖြင့်လျင်မြန်စွာမေးမြန်း ပြောဆိုလေ၏။ခလေး၏ ဖြေကြားချက်ကို သူနာပြုကနားထောင်ပြီး ကြင်နာချိုသာစွာဖြင့်၄င်းအား ပြန်လည် ဖြေကြားနေပေသည်။

အချိန်အနည်းငယ်ကြာသော် လူငယ်ကလေးသည် အငိုတိတ်သွားကာ စူးစမ်းသိရှိလိုမှုဖြင့် သူနာပြုအားကြည့်လိုက်၏။ သူနာပြုက ခေါင်းခါပြလိုက်သောအခါ သက်သာကျေနပ်မှုများပြည့်နေသော မျက်နှာကို တွေ့မြင်ရပါသည်။

အမေရိကန်များကို မော့ကြည့်လိုက်ပြီး၊ ဗီယက်နမ်သူနာပြုက "ကောင်ကလေးက သူသေတော့မယ်လို့ ထင်နေတာ၊ သူနားလည်မှားခဲ့တာပါ။ဟိုခလေးမလေး မသေအောင် သူ့ရဲ့သွေးတွေကို အကုန်ပေးလိုက်ရလိမ့်မယ်လို့ထင်နေတာ" ဟုပြောပြလိုက်ပါသည်။ ရေတပ်သူနာပြုက "ဒါဖြစ်ရင် ဘာကြောင့်များ သူဒီလောက်ဒီလိုလုပ်ဖို့ ဆန္ဒရှိရပါလိမ့်" ဟု မေးလိုက်ရာ ထိုမေးခွန်း ကိုပင် ဗီယက်နမ်သူနာပြုက လူငယ်ကလေးအား ထပ်မေးလိုက်ရာ " သူ(ကလေးမ) ဟာကျွန်တော့သူငယ်ချင်းလေ " ဟုပြန်လည် ဖြေကြားလာပါသည်။

မိမိ၏မိတ်ဆွေ သူငယ်ချင်းများအတွက် အသက်အသေခံချင်းထက် အခြားကြီးမားသော ချစ်ခြင်းမေတ္တာ မရှိတော့ပေ။

## လူတွေဘာထင်ထင်ကိုယ်လုပ်ရမှာကိုသာလုပ်ပါ

၁။ အလျှော့ပေးတတ်သောသူသည်မည်သူ့ကိုမျှမကျေနပ်အောင်မပြုလုပ်ပေးနိုင်ခြင်းဖြင့်သာ နိဂုံးချုပ်ရာ၏။

၂။ အမှန်ကိုပြုလုပ်နိုင်ဖို့မှားသောအချိန်ဟူ၍မရှိပါ။

၃။ အခြားသူများ၏မှန်ကန်မှုများ ချိုးဖောက်ခံရခြင်းအတွက်သင်မကန့်ကွက်ပါကဤ မကောင်းသော အင်အားစုများကသင်၏မှန်ကန်မှုများကိုပြန်လည်ချိုးဖောက်လာလိမ့်မည်။

၄။ ကန့်ကွက်သင့်သည်ကိုမကန့်ကွက်ဘဲငြိမ်သက်စွာနေခြင်းသည်အပြစ်ဖြစ်၏။ ထိုအပြစ် သည်လူတို့ကိုသူရဲဘောကြောင်သူများအဖြစ်တွန်းပို့လိုက်သည်။

၅။ သွေးဆောင်နိုင်ဖို့ရန်ကျွန်ုပ်တို့သည်ယုံကြည်ထိုက်သူဖြစ်ရမည်။ယုံကြည်ထိုက်သူဖြစ်ရန် ကျွန်ုပ်တို့သည် စိတ်ချနိုင်သူဖြစ်ရမည်။စိတ်ချနိုင်သူဖြစ်ရန်ကျွန်ုပ်တို့သည်အမှန်ကိုသာပြောဆိုသူ ဖြစ်ရမည်။

၆။ လူတွေတွန်းပို့သလိုငြိမ်နေပါက ဤလောကကြီးတွင်သင်ဘယ်ကိုမျှရောက်မည် မဟုတ်ပါ။သင့်ရပိုင်ခွင့်များ အတွက် သင်တိုက်ခိုက်ယူရမည်။

၇။ သူတစ်ဦးကပြောခဲ့တယ်“ဥယျာဉ်မှူးဟာပန်းချစ်ရုံနှင့်မလုံလောက်ဘူး၊ပေါင်းပင်ကို မုန်းရန် လည်းလိုသည်။”

၈။ ယုံကြည်မှုရှိသူတစ်ယောက်သည် စိတ်ဝင်စားမှုသာရှိသော ၉၉ယောက်သောအင်အား နှင့်ညီမျှပေသည်။

၉။ သင်သည်တာဝန်သိတတ်သူတစ်ဦးဖြစ်ကအကူအညီလိုအပ်သောအခြေအနေတွင်သင် ဒီအတိုင်း ကြည့်နေတတ် မည်မဟုတ်။

၁၀။ အကောင်းနှင့်အဆိုးငြိမ်းချမ်းစွာအတူတကွဖြစ်ပေါ်နေထိုင်သည်ဟူ၍မရှိစဖူးပါ။တစ်ခုခု က အနိုင်ယူရမည်သာ ဖြစ်သည်။

၁၁။ ခံယူချက်မရှိကအသက်မရှင်နိုင်ပါ။အဲဒီခံယူချက်အတွက်လည်းတစ်ခုခု မလုပ်ပါက ကိုယ်ပိုင်ရပ်တည်၍ အသက်ရှင်နိုင်မည်မဟုတ်။

၁၂။ အလျှော့ပေးခြင်းနှင့်ပတ်သက်၍သတိပြုပါ။ အကျိုးအမြတ်အတွက်၊ ဘဏ္ဍာငွေကြေးအတွက်၊ ကာကွယ် စောင့်ရှောက်ရေး အတွက်၊ လုံခြုံရေးအတွက် အားလုံးအတွက်ကို အလျှော့ပေးတာနဲ့ ပတ်သက်လို့သတိပြုပါ။ အချုပ်ပြောရလျှင်သစ္စာရှိပါ။

## ခွင့်လွှတ်ခြင်းနှင့် ပတ်သက်၍ စဉ်းစားဆင်ခြင်ရန်များ။

ခွင့်လွှတ်တတ်သူများသာလျှင်ခွင့်လွှတ်ခြင်းကိုရထိုက်ကြသည်။

၁။ တစ်ဖက်သောသူ အပေါ်ပျက်စီးပျောက်ကွယ်သည် အထိ အငြိုးနှင့် မုန်းတီးမှု အဟုန်ကြောင့် မိမိသာ လျှင် သေကြေပျောက်ဆုံးသော နိဂုံးနှင့် ကြုံရတတ်၏။ ခွင့်လွှတ်ခြင်း မေ့ပစ်ခြင်းများ မပြုနိုင်သည်နှင့်အညီ သွေးကြောများတွင် သွေးပိတ်ဆို့ခြင်းနှင့် ဝမ်းတွင်းအကြောခြင်များ တောင့်တင်းကာ အစာခြေဖျက်ခြင်း အလုပ်အား ထိခိုက်ဖွယ်ရာရှိ၏။ ဤပြင်းထန်သော စိတ်လှုပ်ရှားမှုသည်ပင်လျှင် နှလုံးရောဂါဖြစ်ရခြင်း အကြောင်းရင်းပင် ဖြစ်သည်။

၂။ ခွင့်လွှတ်တတ်ခြင်းသည် သူတစ်ပါးက ကိုယ့်ကိုခွင့်လွှတ်ဖို့ တောင်းပန်ရာမှအစပျိုးခြင်းဖြစ်သည်။

၃။ သူတစ်ပါး၏ အမှားကို မထောက်ပြမီ၊ မိမိ၏ အမှားများကို လက်ချိုးရေတွက်နိုင်အောင် ဦးစွာအချိန်ယူပါ။

၄။ ကျော်ကြားပြီး လေယာဉ်ပျံသန်းပွဲများ၌ မှန်မှန်ပျံသန်းပြလေ့ရှိသော စမ်းသပ်လေယာဉ်မောင်း ဘော့ဟူးဗားသည် စန်ဒီအေးဂိုးမြို့တွင် ပြုလုပ်ခဲ့သော လေယာဉ်ပြပွဲအပြီး၌ မိမိအိမ်ရှိရာ လော့စ်အင်ဂျလိစ်မြို့ သို့ပြန်လာပါသည်။ လေယာဉ်များနှင့် ပတ်သက်သော Flight Observation မဂ္ဂဇင်းတွင်ဖော်ပြ ထားသကဲ့သို့ "ဘော့" ပျံသန်းခဲ့သော လေယာဉ်မှာ မြေပြင်မှပေ(၃၀၀)အမြင့်တွင် ပျံသန်းနေစဉ် လေယာဉ်၏ စက်နှစ်လုံးစလုံး ရုတ်တရက်ရပ်သွားသည်။ ပွမ်းထိုးနည်းဖြင့် လေယာဉ်ကိုမြေပြင်သို့ဆင်းသက်ရန် ကြိုးပမ်း ဆောင်ရွက်နိုင်ခဲ့သော်လည်း လေယာဉ်မှာ ပျက်စီးမှုကြီးမားခဲ့သည်။ လေယာဉ်ပေါ် လိုက်ပါသူတစ်ဦး တစ်ယောက်မျှ ထိခိုက်ဒဏ်ရာရခြင်းမရှိခဲ့ပေ။

အရေးပေါ် ဆင်းသက်ခဲ့ပြီးနောက် ဟူးဗား၏ ပထမဆုံးလုပ်ဆောင်ချက်မှာ လေယာဉ်၏လောင်စာဆီ ကိုစစ်ဆေးရန်ပင် ဖြစ်သည်။ မိမိသံသယရှိခဲ့သည့်အတိုင်း ဒုတိယကမ္ဘာစစ်အတွင်းက ပြုလုပ်ခဲ့သော ပန်ကာတပ်လေယာဉ်ကို မိမိသည်ဓါတ်ဆီအစား ဂျက်လောင်စာဆီဖြင့် မောင်းနှင်ပျံသန်းခဲ့သည်ကို စစ်ဆေး တွေ့ရှိရလေသည်။ လေယာဉ်ကွင်းသို့ အရောက်တွင် မိမိလေယာဉ်အတွက် တာဝန်ရှိစက်ပြင်ဆရာအား တွေ့လိုကြောင်း ပြောလိုက်ပါသည်။

စက်ပြင်ဆရာသည် မိမိ၏ အမှားအတွက် ယူကြုံးမရခံစားနေရပါသည်။ ဟူးဗားသည် ၎င်းထံသို့ လျှောက်လာစဉ် ၎င်း၏ ပါးပြင်ပေါ်မှ မျက်ရည်များ ယိုစီးကျလာသည်။ မိမိသည် မကြာမီကပင် အလွန်တန်ဖိုး ကြီးသော လေယာဉ်ကိုဖျက်ဆီးခဲ့ရုံမက အသက်(၃)ချောင်းကိုပါ ပျက်စီးဆုံးရှုံးစေလုနီး ဖြစ်ခဲ့သည်။ဟူးဗား၏ ဒေါသကိုမှန်းဆကြည့်ပါ။ တိကျသေချာပြီး မာန်အပြည့်နှင့် တက်ကြွနေသော လေယာဉ်မောင်းတစ်ဦးက ဤကဲ့သို့သော ပေါ့ဆမှုအတွက် မည်သို့မည်ပုံ အပြစ်တင်မည်ကို သင်မှန်းဆနိုင်ပါမည်။

သို့ရာတွင်စက်ပြင်သူအား ဟူးဗားက အပြစ်တင်ရန်ဝေးစွ၊ ဝေဖန်ချက်တစ်ခုပင် မပြောဆိုခဲ့ပေ။ ထို့အပြင်ဟူးဗားသည် စက်ပြင်ဆရာ၏ပခုံးကိုဖက်ပြီး "ခင်ဗျား နောက်ထပ်ဒီလိုမလုပ်တော့ပါဘူးဆိုတာ သေချာဖို့အတွက် ကျွန်ုပ်ရဲ့အက်ဖ် (၅၁)လေယာဉ်ကို ခင်ဗျား မနက်ဖြန်မနက် စစ်ဆေးပေးစေလိုပါတယ်" ဟူ၍ သာပြောလိုက်ပါသည်။

ကလေးသူငယ်များ

အနာဂတ်ကမ္ဘာကြီးအတွက်ယနေ့မိဘများကဖန်တီးပေးနေသည်။

၁။ လူငယ်တစ်ဦးကို လေ့ကျင့်ပေးခြင်းသည် ပြောင်မြောက်သောပန်းချီကားတစ်ချပ်ကိုရေးဆွဲနေခြင်း နှင့်တူ၏။

၂။ လူငယ်တစ်ဦးကိုမိမိလျှောက်လမ်းသင့်သည့်အတိုင်းလေ့ကျင့်ပေးပါ။ အသက်ကြီးလာသောအခါ သူသည် မိမိလျှောက်လမ်းသည့်လမ်းမှသွေဖည်သွားလိမ့်မည်မဟုတ်။

၃။ ယုံကြည်မှုကြွယ်ဝစေရန်ကလေးသူငယ်များ၌အသိစိတ်ရှိနှင့်ပြီးဖြစ်သည်။

၄။ ကလေးသူငယ်များသည်ကမ္ဘာပေါ်၌ပွင့်လင်းရိုးသားဆုံးသူများဖြစ်ပါသည်။

၅။ သူငယ်များသည်မိမိတို့ကြားရတာထက်မြင်ရသည့်နောက်ကိုပိုလိုက်တတ်၏။

၆။ မိမိသည်သားသမီး၏နေရာ၌ ဝင်နေကြည့်ပါက သားသမီးကြုံတွေ့နေရသော ပြဿနာကိုပိုမို နားလည်နိုင်လိမ့်မည်။

၇။ ကလေးတစ်ယောက်ကိုလေ့ကျင့်ဖို့ရန်အချိန်ကာလ၊ စိတ်ရှည်ခြင်း၊ သဘောပေါက်နားလည်တတ်ခြင်း တို့အပြင် စစ်မှန်သောမေတ္တာလည်းများစွာလိုအပ်ပါ၏။

၈။ ကျေးဇူးပြုပြီး ကလေးတွေကို ကလေးတွေလိုပဲ ကြာနိုင်သမျှ ကြာအောင်ထားကြရအောင်လေ၊ မကောင်းဘူးလား။

၉။ ကလေးတွေကိုအများကြီးဂရုစိုက်တာထက်အနည်းငယ်မျှသာဂရုစိုက်ခြင်းကိုသူတို့လိုလားတယ်။ အနှစ်သာရရှိတဲ့ ကရုပြုမှုမျိုးကတန်ဖိုးရှိ၏။

၁၀။ မိမိရင်သွေးငယ်များအပေါ်ဂရုပြုလေ့ကျင့်ပေးရာတွင်မသိမမြင်နိုင်သောအလွန်သေးငယ်သည့် အရာဟူ၍လည်းကောင်း၊ အလေးဂရုမပြုထိုက်သောအရာ ဟူ၍လည်းကောင်း၊ သတိပြုရမည့်အရာဟူ၍လည်းကောင်း မရှိတတ်ပေ။

၁၁။ ငယ်ရွယ်သောအချိန်ကိုကောင်းစွာထိန်းသိမ်းနိုင်ပါကဘဝရေ့ရေးတစ်ခုလုံးကိုထိန်းသိမ်းနိုင်လိမ့်မည်။

၁၂။ လူငယ်အားငှင်း၏ကိုယ်ပိုင်လိုအပ်မှုနှင့်ပုဂ္ဂလိကဥပမိရုပ်ရှင်သန်ကောင်းမွန်ရေးအတွက်သီးသန့် စည်းကမ်းများ ထားရှိကြပ်မတ်ပေးရမည်။

၁၃။ အကိုင်းအခက်များကွေးညွတ်သည့်အတိုင်း၊ အပင်သည်လည်း ကြီးထွား လာရပေသည်။ လက်ရှိ ဘဝအခြေအနေသည် အတိတ်ကအုတ်မြစ်ချခဲ့သည့်အတိုင်းပင်ဖြစ်သည်။

၁၄။ မိမိကိုချစ်ရန် မပြုလုပ်မီ၊ မိမိအားဦးစွာ လေးစားတတ်လာအောင် ကလေးများအားပြုပြင် ဆောင်ရွက် ပေးရမည်။

၁၅။ ကျွန်ုပ်တို့တွင်နိမ့်ချခြင်းနှင့်ငြိမ်သက်ခြင်းရှိသောနှလုံးကိုမွေးမြူထားရမည်။သို့မှသာသူတစ်ပါး အားကိုးမှု၊ ယုံကြည်မှု၊ စိတ်ချမှုနှင့် ငြိမ်းချမ်းသက်သာခြင်းနှင့်တကွ အာမခံနိုင်သောအခြေအနေများ ကိုရရှိစေမည်။ အဘယ်ကြောင့်ဆိုသော် စိတ်ဓါတ်နှလုံးသားအလျင်သည်ကူးစက်တတ်၏။

အောင်မြင်သောဆက်ဆံရေး

မိတ်ဆွေများစွာရှိသူသည် ဖော်ရွေကြောင်းကိုပြသတတ်ရမည်။

## ၁။ သူတစ်ပါးအပေါ်၌အမှန်စိတ်ဝင်စားတတ်ပါစေ။

ကျွန်ုပ်တို့သည်လူများအား မိမိကိုယ်ကိုအထင်ကြီးရန်နှင့် မိမိအပေါ် စိတ်ဝင်စားမှု ရှိစေရန်ပြုလုပ်ရုံဖြင့် စစ်မှန်ပွင့်လင်းသော မိတ်ဆွေများကို ရရှိနိုင်မည်မဟုတ်ပါ။ မိတ်ဆွေ၊ အထူးသဖြင့် စစ်မှန်သောမိတ်ဆွေများမှာ ဤနည်းဖြင့်မရရှိလာနိုင်ပါ။

တစ်ကိုယ်ကောင်းဆန်သောသူသည်အစဉ်အကြီးဆုံးသောအခက်အခဲများရှိသလိုသူတစ်ပါး အားလည်း အကြီးဆုံး ထိခိုက်နစ်နာမှုများ ဖြစ်အောင်ဖန်တီးတတ်သူ ဖြစ်သည်။ ဤသို့သော လူမျိုး များကြောင့်ပင် လူသားများ၏ ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်လာရ၏။

မိတ်ဆွေများလိုအပ်ပါလျှင် သူတစ်ပါးကိုတကူးတကအလုပ်အကျွေးပြုပါ။ ထိုသို့ပြုလုပ်နိုင်ရန် အတွက်အချိန်၊ ခွန်အား၊အတ္တကင်းခြင်းနှင့်အစာနာတရားများလိုအပ်ပါသည်။

## ၂။ ပြုံးပါ

စကားပြောခြင်းထက် လက်တွေ့ပြုပြင်ခြင်းက ပိုမိုထိရောက်ပါသည်။ အပြုံးတစ်ခုသည် "ခင်ဗျားကို ကျွန်တော်နှစ်သက်တယ်၊ ခင်ဗျားကြောင့်ကျွန်တော်ပျော်ရတယ် ခင်ဗျားကိုတွေ့ရတာ ကျွန်တော်ဝမ်းသာတယ်" ဟူသောအဓိပ္ပါယ်မျိုးသက်ရောက်ပါ၏။

ဤအကြောင်းကြောင့်ပင် ခွေးသည်လူ၏ အချစ်ခင်ဆုံးသတ္တဝါဖြစ်၏။ ကျွန်ုပ်တို့ကို မြင်တွေ့၍ခွေးသည် အလွန်ပျော်ရွှင်ကာ ခုန်ပေါက်မြူးတူးလျှက်ရှိ၏။ ထို့ကြောင့်ခွေးတွေကို မြင်ရတဲ့အတွက် ပျော်ရွှင်ရခြင်းမှာ သဘာဝပင်ဖြစ်သည်။ကလေးငယ်တစ်ဦး၏အပြုံးသည်လည်း ထိုကဲ့သို့ပင်။

နယူးယောက်မြို့က ကုန်တိုက်ကြီးတစ်ခု၏အလုပ်အကိုင်ချထားရေးမန်နေဂျာကညီမှိုင်း စိတ်ပျက်ဖွယ်ကောင်းသော ပါရဂူဘွဲ့ရသူတစ်ဦးထက် အထက်တန်းကျောင်း မအောင်မြင်သော ပြုံးရွှင်လန်းဆန်းသောသူကို အရောင်းစာရေးခန့် ထားလိုကြောင်းပြောခဲ့ပါသည်။

မမြင်လိုက်ရသောအပြုံးတစ်ခုသည်ပင်လျှင် ဩဇာကြီးမားခြင်းတည်းဟူသောအကျိုးကို သက်ရောက်စေ၏။ တယ်လီဖုံးကုမ္ပဏီများက တယ်လီဖုံးပြောနေ စဉ်ပြုံးနေရန် အကြံပြု၏။ သင့်အသံတွင်ပင် သင့်အပြုံးပါလာတတ်သည်။

## မုန်တိုင်းအလယ်မှငြိမ်သက်ခြင်း

စုံစမ်းစစ်ဆေးခြင်းသည်အရည်အသွေးကိုစစ်ဆေးရန်သာမက
တန်ဖိုးပိုမိုမြင့်မားလာစေရန်ဖြစ်ပေသည်။

၁။ ဘဝ၏ဝန်ထုပ်ဝန်ပိုး၊ တာဝန်နှင့်စိတ်ပျက်ဝမ်းနည်းဖွယ်ရာများကိုထမ်းရွက်နိုင်စွမ်းသည်ထက်လွန်ကဲနေသည်ဟု သင်ထင်မြင် ခံစားရပါသလား။ ချစ်ခင်သူတစ်ယောက်လုံး ဆုံးရှုံးရခြင်းအတွက်ပူဆွေးသောကများဖြင့်ဖုံးလွှမ်းနေပါသလား၊ ကိုယ့်ခင်ပွန်း/ဇနီးသို့မဟုတ်ချစ်ခင်သူများအကြားပေါ်ပေါက် နေသောပြဿနာများကြောင့် ဆက်ဆံရေးများ ပျက်ပြားလာစေရန် ခြိမ်းခြောက်ခြင်း ခံနေရပါသလား။ ထိခိုက်ဒါဏ်ရာရရှိခြင်းနှင့် ဆိုးဝါးသောရောဂါကြောင့် သင်သည် ကြောက်ရွံ့ပြီး စိတ်ဓါတ်ကျဆင်း နေပါသလား။ အလိုအပ်ဆုံးအချိန်တွင် သင့်မိတ်ဆွေနှင့် လုပ်ဖော်ကိုင်ဖက်များက သင့်ကိုမကူညီဘဲ ရှောင်ခွာသွားကြပါသလား။ ငွေကြေးအခက်အခဲနှင့် စီးပွားရေးခက်ခဲမှုများက သင့်အား မရေမရာနှင့် စိတ်ပျက်ဖွယ်အခြေအနေကိုဖြစ်ပေါ်နေစေပါသလား။ သားသမီးများနှင့် မိသားစုများအရေးကြောင့် ထိပ်လန့်မှုဖြစ်ပြီး အိပ်မပျော်သောညများနှင့်ကြုံနေပါသလား။ အကယ်၍သင်သည်ခက်ခဲကြပ်တည်းမှု များ၊ ကိုယ်ရေးကိုယ်တာပြဿနာများနှင့်ရင်ဆိုင်တွေ့ကြုံနေရပါကကျွန်ုပ်အတွက်ခွန်အားဖြစ်စေသော ပုံပြင်ကလေးတစ်ပုဒ်ကိုပြောပြလိုပါသည်။ သင့်ကိုလည်းအားပေးရာရောက်လိမ့်မယ်လို့ကျွန်တော်မျှော်လင့် ပါတယ်။

တစ်ခါတွင် ငြိမ်းချမ်းရေးကိုရုပ်လုံးဖော်သော ပန်းချီကားများကိုသာရေးဆွဲရမည့်သတ်မှတ်ချက်ဖြင့်ပန်းချီဆရာများအား ပန်းချီကားများ ရေးဆွဲစေခဲ့ရာပန်းချီပြိုင်ပွဲဆုရ ပန်းချီကားတစ်ချပ်ရှိပါသည်။ ပန်းချီဆရာအများစုက ငြိမ်သက်အေးချမ်းသော ကျေးလက်ရှုခင်းများကိုပေးပို့ကြရာလုံးဝဥဿုံငြိမ်သက်မှုမျိုးကိုရှုမြင်ရပေသည်။ တကယ်တော့ ဒါတွေဟာငြိမ်သက်ခြင်း၏ ပုံသဏ္ဍာန်တွေသာ ဖြစ်ပေသည်။သို့သော်အခက်ခဲဆုံးငြိမ်းချမ်းမှုမျိုးကိုဖော်ညွှန်းနိုင်သော ပန်းချီကားသည်သာလျှင်ပြိုင်ပွဲတွင်ဆုရရှိသော ပန်းချီကားဖြစ်ပေလိမ့်မည်။

ထိုဆုရပန်းချီကားသည်ကားကြမ်းတမ်းမြည်ဟီးပြီးဝဲဂယက်များဆူပွက်ဖြစ်ပေါ်စေသောရေတံခွန်များဖြင့်ရေစီးခက်ထန်သော မြစ်ကြီး၏ရှုခင်းပင်ဖြစ်သည်။ သို့သော်ရေစီးခက်ထန် ကြမ်းတမ်းနေသော မြစ်တစ်နေရာတွင်သစ်ကိုင်းငယ်ကလေး၌တွဲလဲခိုနေသောလှပသည့်ငှက်သိုက်ကလေးတစ်ခု၌ငှက်ကလေး တစ်ကောင်ကအေးချမ်းသာယာစွာဖြင့် လှိုင်းတံပိုးကို ဂရုမပြုဘဲချိုသာစွာ တေးသီဆိုနေသည်ကိုတွေ့ရ ပါသည်။ ဒါပါပဲ၊သင့်ယုံကြည်ခြင်းကို လှိုင်းတံပိုးခက်ထန်သောအချိန်အခါနှင့် ရင်ဆိုင်နေရသောအချိန်တွင်စမ်းသပ်စစ်ဆေးနိုင်ပေသည်။

၂။ ခွန်အားအရဆုံးနှင့် အနှစ်သိမ့်ရဆုံးအရာတစ်ခု ကိုသင်သိပါသလား။ ယင်းမှာဘဝတွင်ခက်ခဲကြမ်းတမ်းသောအချိန်ကာလများ၌ ဘုရားသခင်သည် သင့်ဘဝတစ်ခုလုံးကိုထိန်းချုပ်ကိုင်တွယ်ထားပြီး သင့်အားဘေးရန်ခပ်သိမ်းမှ ကယ်ဆယ်တော်မူမည်။ ဘုရား၏သား/သမီး ဖြစ်သောသင့်အတွက်ကောင်းသည်ကလွဲ၍ဘုရားသခင်ဘာမျှမစီစဉ်မဆောင်ရွက်ပါ။

ဖြစ်သမျှအကြောင်းအကောင်းချည်းပဲ။

## ဆုံးရှုံးတော့မည့်အခြေအနေမှအောင်မြင်ခြင်းသို့

ချမ်းစိမ့်စိမ့် ဆောင်းနံနက်ခင်းတစ်ခုတွင် တံငါလှေတစ်စုသည် နယူးဖောင်းလင်းကျွန်း အရှေ့ဘက်ကမ်းခြေရှိဆိပ်ကမ်းကလေးတစ်ခုမှငါးဖမ်းရန်ထွက်ခွာသွားပါသည်။သို့သော် မွန်းလွဲပိုင်းတွင် မုန်တိုင်းပြင်းထန်စွာကျရောက်လာသဖြင့် ညအချိန် ကျရောက်လာသည့် တိုင်အောင် လှေတစ်စင်းမျှဆိပ်ကမ်းသို့ ပြန်လည်ဆိုက်ကပ် နိုင်ခြင်းမရှိပါ။ တစ်ညလုံး ဇနီးသည်များ၊ မိခင်များ၊ ကလေးများနှင့် ချစ်သူများမှာ မိမိတို့ချစ်မြတ်နိုးသူများ အသက်ဘေးမှ ကင်းစေရေးအတွက ်ဘုရားသခင်ကယ်မပါရန်လေထန်သောကမ်းခြေတစ်လျှောက်ခေါက်တုံ့ ခေါက်ပြန်လျှောက် လမ်းရင်းအော်ဟစ်ဆုတောင်းလျှက်ရှိနေကြပါသည်။သောကပူပင်မှုများ ကိုပိုမိုထိပ်လန့် ဆိုးဝါးစေသော အခြေအနေတစ်ရပ်ကား တံငါရွာတွင်းရှိ တဲအိမ်တစ်လုံး မီးစွဲလောင်လိုက်ခြင်းပင် ဖြစ်ပါတော့သည်။ ယောကျာ်းသားများခရီးလွန်နေ၍မီးကိုငြိမ်းသတ်ရန်ခက်ခဲနေကြသည်။

သို့သော် နံနက်မိုးသောက်သော် တံငါလှေတစ်စုလုံး ကမ်းခြေသို့ဘေးမသီရန်မခ ပြန်လည်ဆိုက်ရောက်လာသဖြင့်အားလုံးပျော်ရွှင်မြူးတူးကြပေသည်။ ပျော်မြူးနေကြသော မျက်နှာများကြားမှ အိမ်မီးလောင်ဆုံးရှုံးခံလိုက်ရသောတံငါသည်၏ဇနီးသည်မျက်နှာမှာမူ စိတ်ပျက်ကြေကွဲမှုအပြည့်ဖုံးလွှမ်းလျှက်ရှိနေပေသည်။

ကမ်းပေါ်သို့ဆင်းသက်လာသော မိမိခင်ပွန်းအား "မောင်ရေတို့တစ်တွေအားလုံး ပျက်စီးသွားပြီ၊ ဒို့အိမ်နဲ့အတူအားလုံးမီးထဲပါဝင်ပျက်စီးဆုံးရှုံးကုန်ပြီလေ"။

"အဲဒီမီးအတွက်ဘုရားသခင်ကိုကျေးဇူးတင်ရမှာပါ။ ဘာဖြစ်လဲဆိုတော့တို့တဲအိမ်ရဲ့ မီးလျှံအလင်းရောင်ကြောင့်သာတံငါလှေတစ်စုလုံးဘေးကင်းစွာဆိပ်ကမ်းကိုကပ်လာနိုင် ခဲ့ကြတာပါ။ " ဟုခင်ပွန်းသည်၏ဝမ်းမြောက်စွာပြောဆိုလိုက်သည်ကို ဇနီးသည်မှာအံ့သြ သွားမိလေသည်။

ခေါင်းဆောင်မှု

အမှန်တရားကငြိမ်ခံနေက
လွဲမှားသောထင်မြင်ချက်များကမှန်သလိုလိုဖြစ်တတ်၏။

၁။ သံသယများသည်အောင်မြင်ရရှိနိုင်သောကောင်းရာကိုကြိုးပမ်းရယူရန်စိုးရွံ့စေခြင်းကြောင့်သစ္စာဖောက်များဖြစ်ပေသည်။

–ဝီလျံရှိတ်စပီးယား

၂။ လေကြောင်း အချက်ပြသံ ကြားလိုက်ရသည်နှင့် ကျွန်တော်၏ လက်ထောက် နှင့်အတူ ကျွန်တော်တို့သည် လမ်းမပေါ်သို့သွားရောက်ပြီး ရန်သူများ၏လုပ်ရှားမှု ပုံသဏ္ဍာန်ကိုကြည့်ရှုလေ့လာရပါသည်။ ဤသို့လုပ်ခြင်းသည် သူရဲကောင်းဆန်ပြခြင်းမဟုတ်ဘဲကျွန်တော်၏တာဝန်တစ်ခုမျှသာဖြစ်ပေသည်။ ထိတ်လန့်ခြင်း၊ နွမ်းနယ်ပင်ပန်းခြင်း သို့မဟုတ်ငြီးငွေ့ဖွယ်ရာဖြစ်ပေါ်လာမှု များအားခေါင်းဆောင်၏ရဲရင့်ခြင်းကချေဖျက်နိုင်ပေသည်။

–ဗိုလ်ချုပ်ကြီး ဒေါက်ကလပ်စ်မက်အာသာ

၃။ ကျွန်ုပ်သည် ကမ္ဘာလောကကြီးရှိ လူသားများကို အုပ်စုသုံးစုခွဲခြားလိုက်ပါသည်။ ပထမ အုပ်စုမှာ အကြောင်းကိစ္စများပေါ်ပေါက်လာအောင် ဖန်တီးသူလူနည်းစု၊ ဒုတိယအုပ်စုမှာထိုကိစ္စ များကိုစောင့်ကြည့်နေသူများနှင့် တတိယအုပ်စုမှာအများစုဖြစ်ပြီး လောက၌ ဖြစ်ပျက်သမျှကို မသိလိုက် ကြသူများဖြစ်၏။

၄။ ပနားမားတူးမြောင်းကိုတူးနေစဉ်ဗိုလ်မှူးကြီးဂျော့ဝါရှင်တန်ဂိုသားလ်သည်ဒေသန္တရဆိုင်ရာထွေပြားရှုပ်ထွေးလှသောပထဝီနှင့်ရာသီဥတုအနေအထားများကို ချင့်ချိန်တွက်ချက်စိတ်ရှုပ်ထွေးနေရသည့်အချိန်ဝယ် အမေရိကန်နိုင်ငံတွင်းရှိ ရေတွက်၍မကုန်နိုင်သော စပ်စုသမားများ၏တူးမြောင်းကြီးမည်သည့်အခါမျှပြီးစီးအောင်မြင်နိုင်မည်မဟုတ်ဟူသောအဆက်မပြတ်ဝေဖန်မှုများကိုပါကြံ့ကြံ့ခံရင်ဆိုင်ခဲ့ရပါသည်။

သို့ရာတွင် ဆုံးဖြတ်ချက် ခိုင်မာသော တူးမြောင်း တည်ဆောက်သူ အနေဖြင့် မိမိ၏အလုပ် တာဝန်အပေါ်၌ ဇောက်ချပြီး မှန်မှန်ရှေ့သို့သာချီတက်ခဲ့ပါသည်။

လက်ထောက်တစ်ဦးက "ဝေဖန်သူများကို ဘာမှပြန်မချေပတော့ဘူးလား ဗိုလ်မှူးကြီး" ဟု မေးမြန်းခဲ့ရာ ဂိုသားလ်က "အချိန်တန်မှပြောမှာပါ" ဟုပြန်လည်ဖြေကြားခဲ့ရာ လက်ထောက်က ဆက်လက်ကာ "ဘယ်လိုဖြေမှာလဲ" ဟုမေးပြန်ရာ အင်ဂျင်နီယာဗိုလ်မှူးကြီးက "ပြီးစီးသွားမယ့် တူးမြောင်းကြီးနဲ့ပေါ့ " ဟုပြန်လည်ဖြေကြားလိုက်ပေသည်။

ကြင်နာမှုလေးနည်းနည်းထားကြည့်ပါလား

ရောဂါဝေးဖို့ပိုက်ကာထွေးပေးပါ။

၁။ မိမိကိုယ်ကို ထိခိုက်နာကျင်မှု ဖြစ်အောင်ပြုလုပ်မိသောအခါ လူကြီးမိဘများ၏ ချစ်ခြင်းကရုဏာ နှင့်သနားကြင်နာမှုကို ခံစားရသော ကလေးများသည်၊ မိမိအပြစ်နှင့် မိမိခံနေပါစေတော့ဟုလွှတ်ထား ခြင်းခံရသောကလေးများထက် ၄င်းတို့သည်ကြီးပြင်းလာသော အရွယ်တွင် ရဲရင့်သတ္တိရှိသူများဖြစ် လာတတ်ကြောင်းစိတ်ပညာရှင်များကစူးစမ်းသိရှိလာပါသည်။ ပြဿနာနှင့်နာကျင်မှုများကိုရင်ဆိုင် ရခြင်းသည်ဘဝ၏အစိတ်အပိုင်းတစ်ခုသာလျှင်ဖြစ်ပါသည်။ သို့ရာတွင်ကလေးငယ်တစ်ဦးတည်း အတွက် လူသားများ၏ ကြင်နာထိတွေ့မှုကင်းပါက ကြီးမားသောဝေဒနာပင် ဖြစ်နေပါလိမ့်မည်။ လူကြီးအတွက်ကော ပို၍ဆိုးဝါးမနေပေဘူးလား။ ကျွန်ုပ်ဘဝတွင် ဤကဲ့သို့သော စိတ်မွန်းကြပ်သော အချိန်အခါမျိုးများစွာ ကြုံတွေ့လာခဲ့ရာ ခြေလက်များပင် မိမိခန္ဓာနှင့်မဆက်စပ်တော့သည့်အလား ခံစားခဲ့ရပါသည်။ ဤအချိန်မျိုးတွင် သူတစ်ဦးတစ်ယောက်က ကျွန်ုပ်အားသာဖက်လဲတကင်းထွေးပိုက် လိုက်မည်ဆိုပါက ခွန်အားများတက်ကာ ပုံမှန်အခြေအနေသို့ ပြန်ရောက်မည်ဟု ခံစားမျှော်လင့်ခဲ့ပုံများကိုသတိရမိပေသည်။

၂။ နောင်တွင်တစ်ဦးဦးအား သတင်းဆိုးများ ပြောကြားရန်ရှိလာလျှင် သို့မဟုတ် မိမိ၏ရင်သွေး တစ်ဦးဦးနှင့် လေးနက်ဖွယ်ရာ ဆွေးနွေးဖွယ်ရာ ပေါ်ပေါက်လာမည်ဆိုပါက ထိုသူ၏လက်သို့မဟုတ် ပုခုံးပေါ်သို့လက်တင်ပြီးမှပြောဆိုပါလေ။စိတ်ပညာနည်းအရ ထိုသူသည် ခန္ဓာအစိတ်အပိုင်း အချင်းချင်း ထိတွေ့မိလိုက်သဖြင့်သင့်အပေါ်ရန်ငြိုးဖွဲ့မုန်းတီးလာရန်အကြောင်းမရှိတော့ပါ။

၃။ လက်မောင်းကို ပွတ်သတ်ကိုင်တွယ်လိုက်ရုံလေးနှင့်ပင် ရေရှည်တွင် ကလေးငယ်တစ်ဦး၏ ကောင်းကျိုးသည်ကား မုန့်ပဲသရေစာ ဒါမှမဟုတ်ငွေကြေးပေးခြင်းထက်ပင်အကျိုးသက်ရောက်ပေမည်။ ပစ္စည်းဥစ္စာသည် တစ်ကိုယ်ကောင်းဆန်ခြင်းကို အားပေးတတ်သော်လည်း ထိတွေ့မှုအာရုံသည်ကား စိတ်နှလုံးကိုရွှင်ပျော်စေပါသည်။ သိပ္ပံ ပညာရှင်များက လူတိုင်းပိုက်ထွေးယုယမှုပိုမိုလိုအပ်လျှက် ရှိကြောင်းကျွန်ုပ်တို့ကိုအသိပေးထားပါသည်။ ဤအဆိုကြောင့် မလိုလားအပ်သော ပိုက်ထွေးမှုမျိုး မရှိသင့်ပေ။ပိုက်ထွေးမှုသည်အခြားသောချီးမြှောက်ခြင်းများနှင့်အတူတူပင်ဖြစ်သည်။ရိုးသားဖြူစင် သောပိုက်ထွေးမှုမျိုးမဟုတ်ပါက ရည်ရွယ်ချက်အောင်မြင်မည်မဟုတ်ပါ။အသက်မဝင်သောဖက်ရမ်း ခြင်းထက် နွေးထွေးပြည့်ဝသော လက်ဆွဲနှုတ်ဆက်မှုမျိုးကိုလည်း ကြုံတွေ့ခဲ့ရဖူးပါသည်။

၄။ သဘာဝအားဖြင့်အချို့သူများသည်မိသားစုအဆောက်အအုံတွင်း၌နွေးထွေးကြပါသည်။တစ်ဦးနှင့်တစ်ဦး စုံမက်ကြင်နာမှုကို အပြန်အလှန် မပေးနိုင်သောဇနီးမောင်နှံတစ်စုံရှိကြောင်း ကြားဖူးပါသည်။ ၄င်းတို့အခြေအနေကြောင့်အိမ်သို့ပြန်ပြီးမိမိတို့ ကလေးများကို ပိုက်ထွေးယုယမှု လေ့ကျင့်ကြရန် အကြံပြုခြင်းခံကြရပါသည်။ အဆုံးတွင် မိသားစုချစ်ခင်မှုစိတ်ဓါတ်များ ဖုံးလွှမ်းသွားပြီး ထိုဇနီးမောင်နှံသည်တစ်ဦးအပေါ်တစ်ဦးချစ်ကြင်နာမှုများပြသလာနိုင်ပါတော့သည်။

ခေါင်းဆောင်များ

ကောင်းသောနောက်လိုက်တစ်ဦး၏ အရည်အချင်းမှ
ကြီးမားသောခေါင်းဆောင်မှုရရှိနိုင်၏ ။

၁။ သြဇာအာဏာ မခိုင်မြဲသော သေးသိမ်စိတ်ထား ရှိသောသူသည် မိမိအားလေးစားခြင်း၊ သစ္စာရှိခြင်းနှင့် ကျိုးနွံခြင်းများပေးရန် အထပ်ထပ်တောင်းဆိုနေခြင်းထက် မိမိနောက်လိုက်များ သဘောပေါက်ခံစားလာတတ်အောင် မိမိကိုယ်တိုင်ကချစ်ခြင်းမေတ္တာနှင့် ကိုယ်ချင်းစာနာမှုကို စိတ်ဆန္ဒအလျောက်ဖော်ထုတ်ပြသသင့်ပေသည်။

၂။ ခေါင်းဆောင်များသည် စိုးရွံ့ခြင်းများနှင့်ရင်ဆိုင်ကြရမည်။ အဆိုးဝါးဆုံးအခြေအနေများ အတွက်ကြိုတင်လျက် အခြားနည်းလမ်းများရှိထားသင့်သည်။

၃။ စီမံခန့်ခွဲကောင်းသူတစ်ဦးသည် အလုပ်ရှင်မဆန်သင့်ပါ၊ သူသည်အစေခံတစ်ဦးကဲ့သို့ ကျင့်ကြံပြုမူ၏ ။

၄။ ကျိုးကြောင်းဆီလျော်မှုများထက် ခိုင်မာသောယုံကြည်ချက်များဖြင့် သူများကိုဖျောင်းဖျနိုင် ပါသည်။ ထိုနည်းတူသင်၏ သက်သေအထောက်အထားများပြသခြင်းထက်သင်စိတ်အားထက်သန်မှု ကိုလူတွေကပိုမိုလက်ခံ၏ ။

၅။ ခေါင်းဆောင်မှုဟူသည် လူတစ်ဦးတစ်ယောက်အား သင်ပြီးစေလိုသောအလုပ်တစ်ခုကို ဆောင်ရွက်စေရန် ဆွဲဆောင်စေတတ်ခြင်းပင်ဖြစ်သည်။ ထိုသူကလည်းမိမိလုပ်ကိုင်လိုခြင်းကြောင့် ပြုလုပ်ခဲ့ခြင်းပင်ဖြစ်သည်။

၆။ ခေါင်းဆောင်တစ်ဦးသည်နမူနာတစ်ခုလုပ်ပြသည်မှအပ မည်သည့်အခါမျှသူတစ်ဦးဦးက မိမိအတွက်ပြုလုပ်စေခြင်းမျိုးကိုမပြုသင့်ပေ။

၇။ ပြဿနာပေါ်မှရှင်းရခြင်းထက် ပြဿနာမပေါ်အောင်တားဆီးထားခြင်းကပို၍ကောင်း၏ ။

၈။ အားနည်းသိမ်ဖျင်းသူများအပေါ်ကျင့်ကြံဆက်ဆံပုံဖြင့်ကြီးမြတ်သူတစ်ဦး၏ မြင့်မြတ်ခြင်း ကိုတွေ့ရှိနိုင်ပါသည်။

၉။ မြင့်မြတ်ခြင်း၏ တန်ဖိုးကားတာဝန်ဝတ္တရားပင်ဖြစ်သည်။

၁၀။ အနားယူချိန်တွင်ပင်နာရီကိုတကြည့်ကြည့်နေတတ်သူသည်တာဝန်သိတတ်သောသူဖြစ်၏ ။

၁၁။ ကိုယ့်လုပ်ခထက်ပိုမိုမလုပ်ကိုင်တတ်ပါက ခေါင်းဆောင်တစ်ဦးဖြစ်မလာနိုင်ပါ။

၁၂။ ထူးချွန်ထက်မြက်ခြင်း ဟူသည်စိတ်ကူးစိတ်သန်း ၁%ပါဝင်ပြီး၊ ချွေး ၉၉%ပါဝင်နေ ပေသည်။

သင်ခန်းစာ

မေတ္တာတရားကိုထုတ်ဖော်ပြောဆိုပြသထားသည့်အတိုင်းသို့မဟုတ်
အပြုအမူအားဖြင့်သာတွေ့မြင်နိုင်မည်ဖြစ်သည်။

အေးစက်သော ဒီဇင်ဘာရက်များတစ်နေ့တွင် နှစ်ပေါင်းများစွာဖြစ်ပွားခဲ့ပြီး၊လူများအားဇူလိုင်လတွင်ဈေးဝယ်ခဲ့ရင်အကောင်းသားဟု ဆန္ဒကိုဖြစ်ပေါ်စေပါသည်။ လမ်းဘေးခုံတန်းပေါ်မှမုတ်ဆိတ်ဗလပွနှင့်ယောကျာ်းတစ်ဦးမှာ ဒူးကြားခေါင်းထည့်ပြီး ကွေးထိုင်နေ ပါသည်။ ခြေအိတ်မပါသော ဘိနပ်စီးကာ နွမ်းရိနေသော အင်္ကျီကို ဝတ်ထားပါသည်။ စုတ်ရှသောအအေးဒဏ်ကိုကာကွယ်ရန်စက္ကူအိတ်တစ်လုံးကိုခေါက်ပြီးမိမိလည်ပင်း၌ပတ်ထားပါသည်။

ဈေးဝယ်သူတစ်ဦးရပ်ပြီးဝမ်းနည်းစွာဖြင့် "သနားစရာသတ္တဝါပါလား"ဟုထင်မိ၏။ သို့သော်ထိုသူသည် အမှန်တော့ဘာမျှမတတ်နိုင်ပါ။ ဈေးဝယ်သူ တဝဲလယ်လယ်လုပ်နေစဉ် ဆယ့်တစ်နှစ်သို့မဟုတ် ဆယ့်နှစ်နှစ်ခန့်ကလေးမှတစ်ဦးလမ်းလျှောက်လာပြီးရေခဲများစားနေသောခန္ဓာကိုယ်ကို ခုံတန်းပေါ်၌မြင်လိုက်ရ၏။ခလေးမလေး၏လည်ပင်းတွင်တောက်ပသောသိုးမွေးလည်စီးတစ်ခု ရှိပါသည်။ ခလေးမလေးသည် ထိုသူ၏နဘေး၌ရပ်ပြီး မိမိ၏လည်စည်းကိုဖြုတ်ကာထိုသူ၏လည်ပင်း၌ ညင်သာစွာစည်းပေးလိုက်ပါသည်။ထို့နောက် ခလေးမလေး ခုန်ပေါက်ထွက်သွားသည်။ ခုန်တန်းပေါ်ကလူကြီးသည် နွေးထွေးသောသိုးမွေးကိုပွတ်သပ်နေပါသည်။ ဈေးဝယ်သူလည်းလှစ်ကနဲထွက်သွားပြီးမိမိသာလျှင်လည်စီးပေးခဲ့သူဖြစ်လျှင်ကောင်းလိမ့်မည်ဖြစ်ခြင်းဟုဆန္ဒဖြစ်ခဲ့ရသည်။

ထိုဈေးဝယ်သူသည်ကား ကျွန်ုပ်ပင်ဖြစ်ပြီး ခလေးမလေးသည်ထိုနေ့၌ ကျွန်ုပ်အားသင်ခန်းစာတစ်ခုပေးခဲ့ပါသည်။ ထိုသင်ခန်းစာကား ကျွန်ုပ်သည်ဘယ်နေရာမှာဘဲဖြစ်ဖြစ်၊ ကျွန်ုပ်ဘာဘဲပိုင်ဆိုင် ပိုင်ဆိုင် ကျွန်ုပ်အမြဲပေးနိုင်သော အရာသည်ကား နွေးထွေးသော ထိတွေ့မှု၊ အပြုံးတစ်ခု၊ ဆုတောင်းခြင်း၊ကြင်နာသောအပြောစကားနှင့် နီရဲသောလည်စည်းလေးတစ်ခုပေါ့။

စိတ်တွင်းပေါ့ပါးကြည်လင်ခြင်းကင်းမဲ့သော်ပြင်ပန်း၌
ပြုံးပြရန်ပင်ခက်ခဲနိုင်ပါသည်။

၁။ ကျွန်ုပ်တို့အစဉ် ကြုံတွေ့နေရသော များပြောင်လှသည့် ဖြစ်ရပ်များတို့အတွက် ကျွန်ုပ်တို့တာဝန်အားလုံးမရှိခြင်းမှာ အမှန်အကန်ပင်ဖြစ်သည်။ သို့သော်ထိုဖြစ်ရပ်များအပေါ်ကျွန်ုပ်တို့၏တုံ့ပြန်မှုများအတွက်ကျွန်ုပ်တို့တွင်တာဝန်ရှိလာပါသည်။ အမှန်တော့ဘဝ၏တွေးထင်မြော်မြင်မှုများသည်အကောင်းဖြစ်စေအဆိုးဖြစ်စေကြုံတွေ့ရသောအခက်ခဲပြဿနာများကိုမိမိကအောင်မြင်စွာဖြေရှင်းနိုင်မှု သို့မဟုတ် ထိုပြဿနာများက မိမိကို အနိုင်ယူလိုက်ခြင်းများ အပေါ်များစွာမူတည်နေပါသည်။

၂။ တီထွင်သူပုဂ္ဂိုလ်ကြီး သောမတ်စ်အယ်ဒီဆင်၏စက်ရုံ မီးစွဲလောင်သွားပါသည်။ သူသည်တန်ဖိုးကြီးမားလှသော စမ်းသပ်ကိရိယာများနှင့် အခြားပစ္စည်းများ မီးခိုးလုံးကြီးနှင့်ပါသွားသည်ကိုမရှုမရှိုက်နိုင်လက်မြှောက်ပြီးကြည့်နေစဉ် "ချားလ်(စ)လာပါဦး"ဟုမိမိသားကိုခေါ်လိုက်ပါသည်။ "မင်းဒီလိုဟာမျိုးနောင်ဘယ်တော့မှတွေ့ရမှာမဟုတ်တော့ဘူး" ဟုပြောလိုက်ပါသည်။ ထို့နောက်မိမိဇနီးသည်အားခေါ်ပြီး သားအမိသားအဖသုံးဦးမှာမီးတောက်မီးလျှံကြီးကို ငေးကြည့်နေကြပေသည်။ ထိုသို့ကြည့်နေစဉ် အယ်ဒီဆင်က "အဲဒီထဲမှာ တို့အမှားအယွင်းတွေ အားလုံးပါသွားပြီ၊ အခုအသစ်စက်စက်ပြန်စနိုင်ပြီ"ဟုပြောလိုက်၏။ချက်ချင်းပင်စက်ရုံအားပြန်လည်တည်ဆောက်ပြီးမရှေးမနှောင်းမှာပင် ဓါတ်ပြားသီချင်းအသံသွင်းခြင်းကိုတီထွင်လိုက်ပါသည်။

၃။ စာရေးဆရာမကြီး ကက်သရင်းဘဲဗစ်က နံမည်ကြီး ကောလိပ်ကျောင်းတစ်ကျောင်းတွင် ဂျိုင်းထောက်ဖြင့် သွားနေရသောလူငယ်တစ်ယောက်အကြောင်းကိုပြောပြပါသည်။ ထိုလူငယ်မှာ ဒုက္ခိတဖြစ်နေစေကာမူ ခင်မင်ဖော်ရွေမှုနှင့် အကောင်းမြင်တတ်ခြင်းတို့တွင် ထူးကဲသောအရည်အချင်းအဖြစ်ပေါ်လွင်နေပြီး အတန်းသူအတန်းသားများ၏ အလွန်လေးစားချစ်ခင်မှုကိုရယူနိုင်ခဲ့ပါသည်။ တစ်နေ့သော်ကျောင်းသားတစ်ဦးက ထိုဂျိုင်းထောက်ဖြင့်သွားနေရသောကျောင်းသားကို ဘယ်လိုဒုက္ခိတဖြစ်လာရသည်ကိုမေးလိုက်ရာလူငယ်က "သူငယ်ဘဝကတည်းကအကြောသိမ်ရောဂါပေါ့" ဟူ၍သာ တိုတိုတုတ်တုတ် ပြန်လည်ဖြေကြားလိုက်ပါသည်။ "ဒီလိုကြမ္မာငင်ပုံမျိုးနဲ့မင်းဘာကြောင့်များလောကကြီးကိုပြုံးရွှင်စွာနှင့်ရင်ဆိုင်နိုင်ရတာလဲ"ဟုသူ့အားစူးစမ်းမေးလိုက်ရာ "အိုရောဂါကကျုပ်နှလုံးသားကို ဘယ်တော့မှမထိတွေ့ခဲ့ဘူးလေ" ဟုထိုဒုက္ခိတလူငယ်က အပြုံးမပျက်ပြန်ဖြေလိုက်ပါသည်။

## စိတ်နှလုံးနှိမ့်ချခြင်းနှင့်မာန်မာန

လူတစ်ယောက်သည်အမှန်တကယ်ကြီးကျယ်မြင့်မြတ်ပါရဲ့လားဆိုသည်ကို
ပထမဆုံးထိုသူ၏စိတ်နှလုံးနှိမ့်ချနိုင်ခြင်းရှိမရှိကိုစီစစ်ခြင်းဖြင့်သိနိုင်သည်။

၁။ လယ်သမားကြီးတစ်ယောက်နှင့် သူ၏သားငယ်တို့သည် ကောက်ရိတ်သိမ်းချိန်၌ဂျုံခင်းများရှိရာ သို့ထွက်ခဲ့ပါသည်။ ရွှေရောင်သန်းအိနေသောယာခင်းများကိုလှမ်းကြည့်ရင်းလူငယ်က "ကြည့်ပါဦးဖေဖေ ဂျုံအနှံတွေကခေါင်းထောင်မတ်နေတာ ကြွားကြွားဝင့်ဝင့်ပါပဲလား သူတို့ဟာအသီးပြည့်နေတာဖြစ်မှာပဲ၊ ကျွန်တော်တော့ ခေါင်းငုံ့ပြီးသွားနေတဲ့ လူများဟာ ဘာမှအသုံးမကျတဲ့သူများလို့တောင်ထင်မှတ်ရတော့မှာပဲ" ဟုမိမိဖခင်အား ပြောလိုက်ပါသည်။ "မိုက်လှချည်လား သားရယ်" ဟုပြောဆိုကာဖခင်ကြီးသည်ဂျုံအနှံ အချို့ကို လက်တွင်းဆုတ်လိုက်ကာ ကြွားဝင့်စွာခေါင်းမော်နေတဲ့ ဂျုံအနှံများထဲတွင် ဖျင်းညံ့သောဂျုံစေ့ အနည်းငယ်ရှိပြီးအချို့မှာအဆံလုံးဝမပါကြောင်းကိုပြလိုက်၏။ ငိုက်ကျပြီးခေါင်းငုံ့နေသည်ဟုထင်ရသော အနှံများတွင်ကားအစေ့များကြီးထွားဖွံ့ဖြိုးနေသောရွှေဝါရောင်ဂျုံစေ့များကိုမြင်ရလေတော့သည်။

၂။ ဒေါက်တာဂျွန်ဆင်၏ဘဝဖြစ်စဉ်ကိုရေးသားသောကျော်ကြားလှသည့်အတ္ထုပတ္တိရေးသားသူဘော့စ်ဝဲလ်
သည်တစ်ခါတွင်သူ၏လုပ်ဖော်ကိုင်ဖက်တစ်ဦး၏စော်ကားမော်ကားပြောကြားခြင်းကိုခံလိုက်ရပါသည်။ ချက်ချင်းပင် မိမိကြည်ညိုလှသောဒေါက်တာဂျွန်ဆင်ထံသို့ သွားပြီးမကျေနပ်ချက်များကို ပြောပြရာ ဒေါက်တာဂျွန်ဆင်က ပြုံးလျှက် "စဉ်းစားပါဦးဆရာဒီကိစ္စဟာနောက်ဆယ်နှစ်လကြာရင်အသေးအမွှား
လေးဖြစ်သွားမှာပါ"ဟုပြောကြားလိုက်၏။

ဘော့စ်ဝဲလ်သည်ဒေါက်တာဂျွန်ဆင်ပေးလိုက်သောအကြံကိုမြဲမြဲစွာမှတ်ထားလိုက်၏နောင်သော အခါတွင် ဘော့စ်ဝဲလ်ကပင် "ဤကဲ့သို့ စဉ်းစားချင့်ချိန်နည်းကို ကျွန်ုပ်တို့ဘဝ၏ ဆိတ်ငြိမ်ခြင်းများ၌ မကြာခဏ အနှောင့်အယှက်ပေးသော အရာများတွင်လည်းလက်တွေ့အသုံးချလိုက်မည်ဆိုပါကနာကျည်းဖွယ် ခံစားမှုများကို ရှောင်ကြဉ်ဖယ်ရှားပေးနိုင်မည်သာ ဖြစ်သည်။ ထိုကဲ့သို့ပင်ကျွန်ုပ်သည်လည်းမကြာခဏ ကျင့်သုံးပြီးအောင်မြင်မှုလည်းရှိပါတယ်" ဟုဒေါက်တာဘော့စ်ဝဲလ်ကပြောကြားခဲ့ပါသည်။

၃။ အရှေ့အရပ်ရှိဥယျာဉ်အတွင်းတစ်ခုသောရေကန်ကလေးတစ်ကန်တွင်ဝမ်းဘဲနှစ်ကောင်နှင့်ဖားတစ်ကောင် တို့သည်ချစ်ခင်ရင်းနှီးသောမိတ်ဆွေများအဖြစ်အတူတကွနေထိုင်ကြပေသည်။တစ်နေ့တစ်နေ့၄င်းတို့သည် ပျော်ရွှင်စွာ ပြေးခုန်ကစားလျှက်အချိန် ကိုကုန်လွန်စေခဲ့ပါသည်။ သို့သော်ပူပြင်းသောနွေဆိုက်လာသော် ကန်ငယ် အတွင်းရေများ ခြောက်ခန်းလာသောအခါ ၄င်းတို့ရွှေ့ပြောင်းရတော့မည်ကိုရိပ်စားမိလာကြပါတော့ သည်။ ဝမ်းဘဲများအနေဖြင့် အခြားတစ်နေရာသို့ လွယ်ကူစွာပျံသန်းသွားနိုင်မည်။သို့သော်မိမိတို့မိတ်ဆွေ ဖားကဘယ်လိုလုပ်ရမှာလဲဆိုသည့်ပြဿနာကပေါ်လာတော့သည်။

နောက်ဆုံး၌ ဘဲနှစ်ကောင်ကတစ်ကောင်စီ၏နှုတ်ခမ်းဖြင့် တုတ်တစ်ချောင်းကိုက်လျှက်ဖားက မိမိပါးစပ်ဖြင့် တုတ်ကိုကိုက်ကာတွဲလောင်းခိုပြီးဘဲပျံသန်းသွားရာအခြားကန်တစ်ကန်သို့လိုက်သွားရန် ဆုံးဖြတ်ကြပါသည်။ ထိုအတိုင်းလည်း လုပ်ကြပါသည်။

ကောင်းကင်ထက်ဝယ်ထိုသို့ပျံသန်းသွားကြစဉ်အောက်မှလယ်သမားကြီးတစ်ဦးကကောင်းကင်သို့ မော်အကြည့်၄င်းတို့အား တွေ့လိုက်ရာ "ဟေး၊ ဘယ်လောက်ကောင်းတဲ့အကြံလဲ၊ဘယ်သူကများအဲသလို စဉ်းစားလိုက်တာပါလိမ့်" ဟုလယ်သမားက ပြောလိုက်ရာဖားက "အဲဒါ–ကျ–ကျုပ်အကြံ–ကြံ ––"ပေါ့ ဟုစကားမဆုံးမီဖားလည်းမြေပြင်သို့ပြုတ်ကျသေဆုံးသွားတော့၏။

## သူချစ်သကဲ့သို့ချစ်ပါ

ပေးလှူခြင်းကြောင့်သင်မည်သည့်အခါမျှမဆုံးရှုံးနိုင်ပါ

၁။ အလွန်ချမ်းသာကြွယ်ဝသောသူဌေးကြီးတစ်ဦးသည် သူ၏ဇနီး၊ သူ၏ကုဋေကဋာသောငွေကြေးများနှင့် အတူနယူးယောက်ပြည်နယ်၏လှပသာယာသောကျေးလက်ဒေသတစ်ခု၌နေထိုင်ခဲ့သည်။ သူ၌သားသမီးတစ်ဦးတစ်ယောက်မျှမရှိရကားသူ့အမွေအနှစ်များကိုပေးရမည့်ချစ်ရသောသားတစ်ဦးသာရှိမည်ဆိုပါကသူပိုင်ဆိုင်သမျှအားလုံးကိုထိုသားကိုပေးလိုက်မည်ဟုပြောပါသည်။ သူ့ဇနီးမှာအသက်သုံးဆယ်ကျော်သွားပြီးလေးဆယ်အရွယ်သို့ရောက်လာသည်နှင့်အမျှမျှော်လင့်ချက်မှာလည်းစတင်ပျက်ပြားလာရပေသည်။သို့သော်ကံကြမ္မာတက်လာသောနေ့တစ်နေ့တွင် ဇနီးသည်မှာ ကိုယ်ဝန်ရရှိလာပါတော့သည်။ သို့ရာတွင် မွန်ဂိုလွိုဒ်မျက်နှာနှင့်ကလေးကိုမွေး လာသောကြောင့်ရှုပ်ထွေးသောပြဿနာများပေါ်လာပြီးဇနီးသည်မှာလည်းအသက်ဆုံးရှုံးခဲ့ရပေသည်။ ဤကဲ့သို့ မွေးဖွားလာသောသားကလေးအပေါ် သူဌေးကြီးမှာ အချစ်အားလုံးသွန်းလောင်းကာ မိမိအသက်တစ်မျှချစ်ရပါ တော့သည်။ ကြီးမားလှသောသူ၏မေတ္တာပင်တည်း။

အသက်ဆယ့်နှစ်နှစ်အရွယ်တွင် ထိုသားလေးမှာ သေဆုံးသွားသဖြင့်ဖခင်ကြီးမှာလည်းရင်ကွဲလျှက် မိမိချစ်ရသောဇနီးနှင့်သားလေးနောက်သို့ မကြာမီလိုက်သွားရှာပေတော့သည်။ ဖခင်၏စည်းစိမ်ချမ်းသာကိုဆက်ခံမည့်သူတစ်ဦးတစ်ယောက်မျှမရှိသည့် အားလျှော်စွာ ကြီးကျယ်သောလေလံပွဲကြီးတစ်ရပ်ပြုလုပ်ဆောင်ရွက်ရန်သေတမ်းစာ၌မှာကြားခဲ့ပါသည်။ လေလံဆွဲသောအဖွဲ့တစ်ဖွဲ့မှသူဌေးကြီး၏အိမ်များမြေနှင့်ကျွဲ၊နွား၊မြင်း၊တိရစ္ဆာန်များအားလုံးကိုဈေးအမြင့်ဆုံးပေးသူအားရောင်းချသွားရန်ဖြစ်ပါသည်။ထိုလေလံပွဲသို့မိုင်ပေါင်းများစွာဝေးကွာသောဒေသမှချမ်းသာသူများ ကားများဖြင့်ရောက်ရှိလာကြပါသည်။ လေလံပွဲကို မွန်ဂိုလွိုဒ်မျက်နှာရှိသော ခလေး၏ ၁၁× ၁၄လက်မရှိဓါတ်ပုံဖြင့် စတင်ဖွင့်လှစ်လိုက်ပါသည်။ “ယခုပထမလေလံပစ္စည်းအတွက် လေလံဆွဲသူများကဘယ်လောက်ပေးကြမှာလဲ၊ ကျွန်တော်မကြားသေးပါလား” ဟုအော်ဟစ်ပြောဆိုနေသော်လည်းမည်သူကမျှတစ်ပြားတစ်ချပ်လေလံမခေါ်ကြပါ။ လေလံဆွဲပရိသတ်များတိတ်ဆိတ်လျှက်ရှိပါသည်။ သူတို့သည်တန်ဖိုးကြီးပစ္စည်းများ၏အမည်စာရင်းကိုခေါ်ရန်အတွက်စောင့်နေကြပါသည်။

“ဝယ်လိုသူရှိပါသလား၊ တစ်ဦးတစ်ယောက်ကများ ဝယ်လိုစိတ်ရှိပါသလား”ဟုမေးလိုက်ရာ နောက်ဆုံးရလိုက်သောအချိန်ကလေးအတွင်း သေးငယ်သောအမျိုးသမီးတစ်ဦးက လူအုပ်ကြားထဲမှနေ၍“ကျွန်မအဲဒီဓါတ်ပုံအတွက်ငါးဒေါ်လာပေးမယ်၊ အဲဒါကျွန်မမှာရှိတာအားလုံးပဲ” ဟုပြောလိုက်ပါသည်။ ထိုသေးငယ်သောအမျိုးသမီးသည်ကားဓါတ်ပုံရှင်ကလေး၏အသက်ဆယ့်နှစ်နှစ်တာကာလလုံးလုံး သူဌေးကြီး၏သားအား အိမ်ဖော်ဘဝဖြင့်ကြည့်ရှုဂရုစိုက်ခဲ့သောအမျိုးသမီးတစ်ဦးပင်ဖြစ်ပေတော့သည်။ “ကျွန်တော်ဆယ်ဒေါ်လာလို့များ ကြားမိသလား၊ တစ်ယောက်ယောက်ကကောဆယ်ဒေါ်လာလောက်ပေးမှာလား” ဟုလေလံတင်သူကမေးလာတော့၏။တစ်ကြိမ်၊ နှစ်ကြိမ်မေးပြီးသည်နှင့် ငွေငါးဒေါ်လာဖြင့်ဓါတ်ပုံအား အမျိုးသမီးသို့ရောင်းချလျှက်သား ဖြစ်ပေတော့သည်။ လေလံတင်သူကဓါတ်ပုံနောက်ကြောပါစာအိတ်အားဖောက်လိုက်ရင်းဓါတ်ပုံကို လေလံနိုင်သူထိုအမျိုးသမီးထံသို့ပေးလိုက်ပါသည်။ ဓါတ်ပုံနောက်ကြောပါစာမှာသူဌေးကြီးမသေဆုံးမီ၄င်းကိုယ်တိုင်ရေးထားခဲ့သောစာဖြစ်ပေသည်။ထိုစာမှာသူဌေးကြီး၏လက်မှတ်နှင့်စာချုပ်စာတမ်းပြုလုပ်ခဲ့သောစာပင်ဖြစ်ပါသည်။

“ကျွန်ုပ်၏အပေါ်ထိုက်တန်စွာ သိမြင်လက်ခံလောက်အောင်ဤဓါတ်ပုံကိုဝယ်ယူသူအား ကျွန်ုပ်ပိုင်ဆိုင်မှုအစုစုကိုပေးလိုက်ပါသည်။”ဟူ၍စာ၌ရေးသားဖော်ပြထားပါသည်။

လေလံတင်သူသည်တူကိုထုလျှက်“လေလံပြီးဆုံးသွားပါပြီခင်ဗျာ”ဟုကြေညာလိုက်ရာလူအုပ်အတွင်းကျရောက်သွားသောတိတ်ဆိတ်မှုကြားနှစ်ပေါင်းများစွာကြာညောင်းသွားပေတော့သည်။

၂။ အကြင်နာတရားလေးများသည် အလွန်သေးငယ်လင့်ကစား အခြားသူများ၏ဘဝတွင် တိုးတက်မှုများများသွားနိုင်ပေသည်။

မလျော့လိုက်လေနဲ့

ဘဝ၏ဆုံးရှုံးမှုများစွာတို့တွင်အောင်မြင်မှုပန်းတိုင်နှင့်
ကပ်နေခါမှလက်လျော့အရှုံးပေးတတ်သူများကြောင့်ဖြစ်သည်။

၁။ ရှန်းကန်မှ အသက်ရှင်သည်ကို လက်ခံကြပါစို့၊ အထူးသဖြင့် ဒုက္ခဖုံးလွှမ်းနေသော ယနေ့ ကမ္ဘာကြီးတွင် ပို၍ရုန်းကန်ရမည်သာ၊ ယုံကြည်ချက်၊ ဖွဲလုံ့လလည်း များစွာလိုအပ်နေပါသည်။ ၎င်းပြင် များစွာတိုက်ခိုက်ရန်လည်းလိုနေသည်။ သို့သော် ကျွန်ုပ်တို့တွင်ရှိသောပြဿနာသည်ကား စမ်းသပ်ခြင်းခံရသောကာလတွင် ကြိုးစားမှုကို ရပ်နားပစ်လိုက်ခြင်းကြောင့်ဖြစ်သည်။ အချို့သော သူများစိတ်ဓါတ်ယိမ်းယိုင်လျက်ရှိသည်။ ၎င်းတို့စိတ်ဓါတ်ရေးရာသာမကကောင်းမြတ်သောစိတ်ထား များပင်ကျဆင်းလျော့နည်းလျက်ရှိပေသည်။ သို့သော်စိတ်ဓါတ်တည်းဟူသော အရာသည်ကားအလွန် တန်ခိုးကြီးမားပေသည်။ ခိုင်မာသောယုံကြည်ချက်နှင့် ခိုင်မာသောစိတ်ဓါတ်များကြောင့် မကျော် မလွှားနိုင်ဟုထင်ရသောအခက်အခဲများကိုကြိမ်ဖန်များစွာအောင်မြင်နိုင်ခဲ့ပေပြီ။

၂။ ၁၄ရာစုနှစ်မှ မွန်ဂိုစစ်ဘုရင်တမ်မလိန်းသည် ၎င်း၏မိတ်ဆွေများအား မိမိနုနယ်စဉ်ဘဝက အဖြစ်အပျက်တစ်ခုကိုပြောပြလေ့ရှိသည်။ ၎င်းက “ကျွန်ုပ်တစ်ခါကရန်သူများဘေးရန်မှရှောင်တိမ်းရန် ပျက်စီးနေသောအဆောက်အဦးတစ်ခုတွင်အချိန်ကြာမြင့်စွာပုန်းအောင်းနေခဲ့ရပါသည်။ မျှော်လင့်ချက် မရှိသောကျွန်ုပ်၏အခြေအနေမှအတွေးများကိုပယ်နှုတ်ရန်ကျွန်ုပ်သည်မိမိခန္ဓာကိုယ်ထက်ကြီးမားသော ပြောင်းဖူးစေ့တစ်စေ့ကိုမြင့်မားသောတောင်နံရံပေါ်သို့သယ်ဆောင်နေသောပုရွက်ဆိတ်တစ်ကောင်ပေါ် သို့စူးစိုက်အာရုံပြုကြည့်နေလိုက်ပါသည်။ ပုရွက်ဆိတ်၏မအောင်မြင်နိုင်သောကြိုးပမ်းမှုအကြိမ် များကို ကျွန်ုပ်ရေတွက်ထားပါသည်။ ပြောင်းဖူးစေ့အကြိမ်ပေါင်း ၆၉ ကြိမ်ပြုတ်ကျခဲ့သော်လည်း ပုရွက်ဆိတ်မှာ လက်မြှောက်ပါ။ ၇၀ပြည့်သောအခါတွင်နံရံအထက်များသို့ပုရွက်ဆိတ်နှင့်ပြောင်းဖူးစေ့ ရောက်ရှိသွားပါသည်။ဤမြင်ကွင်းကားထိုအချိန်မှာလက်လျှော့အရှုံးမပေးခြင်းတည်းဟူသော ဖွဲကို ရရှိစေခြင်းကြောင့်ထိုသင်ခန်းစာကိုကျွန်ုပ်မည်သည့်အခါမျှမမေ့” ဟုပြောကြားခဲ့ပါသည်။

၃။ စိန်ဟူသည်ကားတစ်ခုနှင့်တစ်ခုမြဲမြဲစွာတွယ်ကပ်နေသောကျောက်မီးသွေးတုံးများသာတည်း။
ကျွန်ုပ်တို့အများစုလိုလျော့နည်းပျောက်ပျက်သွားမည်ဆိုပါကဘယ်မှာစိန်တွေရှိတော့မှာလဲ။
နိဒါန်းအစပြုလုပ်ခြင်းသည်အဓိကအကြောင်းမဟုတ်ပါ။
ခိုင်မြဲကပ်တွယ်ခြင်းသည်သာအရေးကြီးဆုံးပါ။
ကျဆုံးသောအနက်အဓိပ္ပါယ်ကိုမသိသောသူသည်နောက်ကိုဆုတ်ဆုတ်သွားလေရာလမ်းဆုံး သို့ရောက်ပြီဟု ထင်မိလေတိုင်း နာကျင်စွာအရှုံက်ထိုးခံလိုက်ရသည်အထိ ဆိုးဝါးပါစေ။
စိန်များသည်တစ်ခုနှင့်တစ်ခုတာဝန်သိသိငြိတွယ်နေကြကြောင်းပင်မဟုတ်ပါလား။

## လူတိုင်းလိုအပ်သည့်မှာမေတ္တာပါ

၁။ မေတ္တာစွမ်းအင်ရှိသမျှသင်သည်မေတ္တာတွင်ယုံကြည်လျက်ရှိ၏။

၂။ ချစ်ခြင်းမေတ္တာထားရှိဖို့အတွက်မည်သည့်အခါမျှအချိန်မနှောင်းပါ။

၃။ ကျွန်ုပ်၏ရန်သူကအမုန်းစက်ဝိုင်းဖြင့်ကျွန်ုပ်အားပထုတ်ခဲ့သော်လည်းကျွန်ုပ်ကအချစ်စက်ဝိုင်းကိုဆွဲပြီးသူ့ကိုသိမ်းသွင်းခဲ့သည်။

၄။ အချစ်တွင်မျက်စိမရှိဟုဆိုနိုင်လျှင်အမုန်းမှာပို၍ဆိုးရွားရန်သာရှိသည်။

၅။ တစ်ဦးမေတ္တာတစ်ဦးမှာ။

၆။ မေတ္တာရှိပါကယုံကြည်မှုလည်းရှိနေမည်။

၇။ မေတ္တာဟူသည်ယုံကြည်ခြင်း၊ အားကိုးခြင်း၊ ကူညီခြင်း၊ အားပေးခြင်း၊စိတ်ချယုံကြည်ခြင်း၊ မျှဝေခြင်း၊ နားလည်တတ်ခြင်း၊ ခံစားတတ်ခြင်း၊ ထိတွေ့ခြင်း၊ ဂရုစိုက်ခြင်း၊ ဆုမွန်ကောင်းတောင်းပေးခြင်းနှင့်ပေးကမ်းခြင်းတို့ပင်ဖြစ်သည်။

၈။ မေတ္တာသည်တိုင်းထွာ၍မရနိုင်သောကြွယ်ဝချမ်းသာမှု၊ စိတ်ကူးမှန်းဆခြင်းထက်ကျော်လွန်တတ်သောအံ့ဖွယ်နှင့်မြင်တွေ့နိုင်သည်ထက်ကျော်လွန်သောလှပခြင်းပေတည်း။

၉။ စိတ်တွင်မျက်လုံးတစ်ထောင်ရှိပြီးနှလုံးသားမှာကားမျက်လုံးတစ်လုံးသာရှိသည်။ မေတ္တာခြောက်ခန်းလျှင်အသက်၏အလင်းလည်းဆုံးရှုံး၏။

၁၀။ မေတ္တာသည်လှပသောအရာတိုင်း၏အရင်းအမြစ်ဖြစ်သည်။

၁၁။ မေတ္တာကိုဖြုန်းတီး၍မရနိုင်ပါ။ မည်သည့်အကြောင်းခြင်းရာကိုပင်မေတ္တာထားကကြီးမားသောတုံ့ပြန်မှုကိုရရှိနိုင်ပေမည်။

၁၂။ မေတ္တာရှိကအပြစ်ပေါ့တတ်၏။

၁၃။ နှလုံးသားသည်စိတ်ကမသိနိုင်သည်များကိုမြင်တတ်၏။

အတင်းအဖျင်း

## အကြောင်းအရာတစ်ခုသည်တရားမျှတမှုရှိပါကမကောင်းဝါဒများဖြန့်နေလင့်ကစားအဆုံး၌အောင်မြင်မှုရရှိပေမည်။

၁။ အတင်းအဖျင်းပြောတတ်သူသည် လူသတ်သမားနှင့်ကွာခြားမှုတစ်ခုမှာ သူသည် လူတစ်ဦး၏ ဂုဏ်သိက္ခာသတင်းကိုသတ်ဖြတ်လိုက်ခြင်းပင်ဖြစ်၏။

၂။ လူတစ်ယောက်သည် အခြားသူတစ်ဦးအပေါ်ထိုသူ၏ရန်သူများကပြောဆိုသည့်အတိုင်းဆုံးဖြတ်ထင်မှတ်ချက်မပြုသင့်။

၃။ ကောလဟာလသတင်းကိုချက်လက်မှတ်ကဲ့သို့သဘောထားပါ။စစ်မှန်သည်ဟုမိမိကသေချာပါမှ အတည်ပြုလက်ခံပါ။

၄။ ပညာရှိတစ်ဦးထံသို့အတင်းအဖျင်းပြောတတ်သောအသိတစ်ဦးကလာရောက်ပြီးတစ်ဦးတစ်ယောက်၏မကောင်းကြောင်းကို ပြောလာသောအခါ ထိုပညာရှိက"ထိုပုဂ္ဂိုလ်အကြောင်း ခင်ဗျားဘာမှ မပြောခင် ခင်ဗျားကိုကျွန်တော်မေးခွန်းသုံးခုမေးလိုပါသည်။"ဟုပြောပြီး "ခင်ဗျားပြောတာပထမဆုံးကျွန်တော့်အတွက်ဘာအကျိုးရှိမလဲ။ ဒုတိယအနေဖြင့်ခင်ဗျားအတွက်ယခုကိစ္စပြောခြင်းဖြင့်ဘာအကျိုးရှိမလဲ။တတိယအမေးကတော့ခင်ဗျားအခုလာပြောမယ့်သူအတွက်ကောအကျိုးတစ်ခုခုရှိမှာလား။ ဟုမေးလိုက်ရာအတင်းလာပြောမည့်သူမှာ အရှက်သာရသွားတော့သည်။

၅။ အတင်းအဖျင်းဟူသည်တရားဥပဒေကအရေးယူဆောင်ရွက်ရန်ပြဋ္ဌာန်းထားခြင်းမပြုထားသောပြစ်မှုတစ်မျိုးပင်ဖြစ်သည်။

၆။ ကွယ်လွန်သွားသောသူတော်ကောင်းများကိုချီးကျူးဂုဏ်ပြုပြီးအသက်ရှင်နေထိုင်လျက်ရှိသူများအားညှင်းပန်းနှိပ်စက်နေသည်မှာရင်နှင့်ဝမ်းနည်းဖွယ်ကောင်းလှပေသည်။

၇။ သေးငယ်သောအမှုကိုကျွန်ုပ်မစီရင်မီကျွန်ုပ်၏အကျဉ်းထောင်သည်ကျွန်ုပ်၏သင်္ချိုင်းဖြစ်စေရပါမည်။ အဘယ်ကြောင့်ဆိုသော်ကျွန်ုပ်၏လိပ်ပြာစေတသိတ်ကိုမည်သူကမျှစိုးမိုး၍မရပါ။ အမှန်သည်အမှန်သာဖြစ်ရမည်။ အားလုံးကဆန့်ကျင်နေစေဦးအမှန်သည်မှန်ကိုမှန်နေရမည်။ထိုနည်းတူအမှားသည်အမှားသာဖြစ်ရမည်။လူတိုင်းကထိုအမှားကိုထောက်ခံနေစေဦးထိုအမှားသည်အမှားသာလျှင်ဖြစ်၏။

(ဝီလီယံပင်း)

၈။ များစွာသောအမှုအရာတို့သည်ဆုံးရှုံးခြင်းထက်ပိုမိုဆိုးဝါးတတ်၏။မကောင်းမှုကိုအလျှော့ပေးခြင်းသည်လည်းတစ်ခုအပါအဝင်ဖြစ်သည်။

၉။ ဝေလငါးကြီး၏လမ်းကြောင်းပေါ်သို့အညိုရောင်ဖော့တုံးကလေးကျသွားသည်။ စိတ်ဆိုးမာန်ဆိုးဖြင့်ဝေလငါးကြီးကမိမိ၏အမြီးဖြင့်ရေထဲသို့ခတ်ချလိုက်သည်။သို့သော်ပြင်းထန်သောပုတ်ခတ်ချက်ကြောင့်ဖော့တုံးကလေးမှာလျင်မြန်စွာရေပေါ်သို့ပြန်ပေါ်လာပြီး ဝေလငါးကြီး၏နှာခေါင်းအရှေ့သို့ ငြိမ်သက်စွာပေါလောမျောလာသည်။ဖော့ကလေးကဝေလငါးကြီးအား "ခင်ဗျားရိုက်ခတ်နိုင်မယ်၊ ဆူပွက်နိုင်မယ်၊ ညိုညင်နိုင်မယ်သို့သော် ခင်ဗျားကျွန်တော့်ကိုဘယ်တော့မှရေထဲနှစ်မချနိုင်ဘူး။ ဘာကြောင့်လည်းဆိုရင် ကျွန်တော်ဟာ ပေါလောမျောတတ်တဲ့အရာနှင့် ပြုလုပ်ထားပြီး ရေနစ်ရမည့်အစားရေပေါ်ပေါ်အောင်လုပ်ထားတာလေ" ဟုပြောလိုက်၏။

အကောင်းမြင်တတ်ခြင်း

မှောင်မိုက်နေတာကိုကျိန်ဆဲငြီငြင်နေခြင်းထက်
ဖယောင်းတိုင်တစ်တိုင်ထွန်းလိုက်ခြင်းကကောင်းသွားလိမ့်မည်။

၁။ အဆိုးထက်အကောင်းဘက်ကိုပိုအလေးထားပါ။

၂။ နှလုံးသားတွင်ချစ်ခြင်းမေတ္တာပြည့်ဝနေပါကကမ္ဘာကြီးသည်အလှပများဖြင့်ဖုံးလွှမ်းနေမည်။

၃။ အချို့သူများက ပြဿနာဘက် ကိုဖောင်းပေးတတ်ပြီး အချို့မှာကား ဖြေရှင်းမည့်နည်းလမ်းများကိုသာ စဉ်းစားဆင်ခြင်သည်။

၄။ သံသယသည် မှန်ကန်ခြင်းထက် အမှားအယွင်းကို ပိုမိုဖြစ်ပေါ်စေလာနိုင်သည်။

၅။ တစ်ခန်းတည်းရှိသံတိုင်များကြားမှလူနှစ်ယောက်အပြင်သို့ကြည့်နေကြသည်။ တစ်ဦးကရွှံ့ဗွက်များမြင်ပြီးကျန်တစ်ဦးကကြယ်များကိုမြင်ပေသည်။

၆။ အခွင့်အလမ်းတိုင်း၌အဆိုးမြင်တတ်သူတစ်ဦးသည်အခက်အခဲကိုမြင်နေ၏။ အကောင်းမြင်တတ်သူမှာတော့အခက်အခဲတိုင်း၌အခွင့်အလမ်းကိုမြင်နေ၏။

၇။ သင်၏အမြင်သည်သင်၏အဆင့်အတန်းကိုအဆုံးအဖြတ်ပေးသည်။

၈။ လူတစ်ဦးတစ်ယောက်သည် ကောင်းသောအရည်အချင်းမရှိဟု သမုတ်ခြင်းထက်၄င်း၌အရည်အချင်းကောင်းများရှိသည်ဟုယုံကြည်နေခြင်းကပိုကောင်း၏။

၉။ ကောင်းတာကိုအလေးပေးပါ။

၁၀။ မကောင်းတာစဉ်းစားရင်၊ မကောင်းတာလုပ်နိုင်သည်။

၁၁။ နှင်းဆီပန်းရုံများ၌ဆူးရှိသည်ဟုညည်းညူနိုင်သည်။ သို့မဟုတ်ဆူးခြုံများ၌နှင်းဆီပန်းများပွင့်သည်ဟုအားရွှင်မြူးနိုင်ပေသည်။

၁၂။ ရှုံးနိမ့်သူက “ဆိုးရွားမှုသည်နီးကပ်လာပြီ” ဟုပြောပြီး၊ အောင်မြင်သူကတော့“အကောင်းဆုံးဖြစ်လာရန်ရှိသေးသည်”ဟုပြော၏။

၁၃။ ကျေနပ်နေသောသူတစ်ယောက်သည်လမ်းပြောင်းလွဲတစ်လျှောက်ရှိရှုမျှော်ခင်းကိုပင်ကြည်နူးဝမ်းမြောက်မိ၏။

ထာဝရနုပျိုခြင်း　　　　ချစ်တတ်သောနှလုံးသားသည်အစဉ်နုပျိုနေ၏။

၁။　သင့်အသက်သို့ နှစ်ကာလများပေါင်းထည့်ခြင်းထက် သင့်အသက်နှစ်ကာလများအားဘဝ အဖြစ်ပေါင်းထည့်ခြင်းက ပိုမိုအရေးပါလှပေသည်။

၂။　သင်သည်အသက်အရွယ် ကြီးပြင်းလာပသော်လည်း လူတစ်လုံးသူတစ်လုံး ဖြစ်မလာသေး ဘူးလား။ ကျော်ဇောထင်ရှားသောပုဂ္ဂိုလ်၄၀၀၏ ဘဝသမိုင်းကြောင်းကိုလေ့လာခဲ့သောသုတေသီများ၏ သင့်အား အားတက်ဖွယ်ရာ စကားများကိုကြည့်ပါ။ ထိုပုဂ္ဂိုလ်၄၀၀သည် သူ့ခေတ်နှင့်သူ အောင်မြင် ကြသောနိုင်ငံရေးခေါင်းဆောင်၊ ပန်းချီဆရာ၊ စစ်သေနာပတိ၊ ကဗျာဆရာနှင့်စာရေးဆရာများပင် ဖြစ်ကြသည်။ ထိုကျော်ကြားသောသောပုဂ္ဂိုလ်များ၏အကြီးမားဆုံးအောင်မြင်မှုများကိုလေ့လာပါက ၃၅%မှာ ထိုပုဂ္ဂိုလ်များ၏အသက် ၆၀ နှင့် ၇၀ နှစ်များအတွင်း၌လည်းကောင်း ၂၃%မှာ၄င်းတို့ အသက် ၇၀မှ၈၀ နှစ်များအတွင်း၌လည်းကောင်း၊ ၈%မှာအသက် ၈၀ ကျော်လွန်သောအသက် အပိုင်းအခြားများ၌ လည်းကောင်းဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော်ကမ္ဘာ့အရေးအပါဆုံးလုပ်ငန်း ၏ ၆၆%ကို အသက်၆၀နှစ်ကျော်လွန်သွားသော ပုဂ္ဂိုလ်များက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပေသည်။
အားတက်စရာမကောင်းပါလား။

၃။　လူတစ်ယောက်အသက်ရှင်နေထိုင်ပုံပေါ် မူတည်ပြီးထိုသူသည် အိုမင်းသောအသက် ၄၀နှစ် အရွယ်၌ဖြစ်စေနုပျိုသောအသက် (၈၀)နှစ်အရွယ်၌ဖြစ်စေကွယ်လွန်သေဆုံးနိုင်ပေသည်။

၄။　နှစ်ပေါင်းများစွာအသက်ရှင်နေထိုင်ရုံဖြင့် မည်သူမျှအသက်ကြီးရင့်လာခြင်းမရှိပါ။ မိမိတို့ ယုံကြည်ချက်များကို စွန့်ပယ်ရင်းဖြင့် အသက်အိုမင်းလာကြပါသည်။ နှစ်အချိန်ကာလသည် အရေပြားကိုရှုံ့တွစေနိုင်ပါမည်။ သို့သော်စိတ်ဝင်စားစရာကိုစွန့်လွှတ်ခြင်းအတွက်စိတ်ဓါတ်ကိုရှုံ့တွ တွန့်လိန်စေပါသည်။ ပူပင်သောက၊ သံသယ၊ မိမိကိုယ်ကို ယုံကြည်အားကိုးမှု ကင်းမဲ့ခြင်း၊ ကြောက်လန့်ခြင်းနှင့်စိတ်ပျက်ဝမ်းနည်းခြင်းတို့သည် အလွန်အချိန်ကြာညောင်းစွာခေါင်းကိုငုံ့စေပြီး ကြီးထွားလာသောစိတ်ဓါတ်အားဖုန်မှုန့်အဖြစ်ရောက်စေပါသည်။

၅။　သင်အသက်အရွယ်မည်မျှပင်ရှိပါစေ၊ လူသားတိုင်း၏နှလုံးသား၌ချစ်ခြင်းမေတ္တာ၏အံ့ဖွယ်ရာ၊ ဖြစ်လာသမျှကို မကြောက်မရွံ့ရင်ဆိုင်ခြင်း၊ နောက်ကောဘာဖြစ်လာမလဲဟု မျှော်လင့်တတ်သော ကလေးငယ်၏နှစ်သက်ခြင်းနှင့်ဘဝ၏ပျော်ရွှင်ဖွယ်ရာများလူသားတိုင်း၌ရှိကြ၏။

"သင့်ယုံကြည်ချက်ရှိသည့်အတိုင်းသင်သည်နုပျိုနေပြီးသင်သံသယများရှိသည့်အတိုင်းအိုမင်း နေပါမည်။ မိမိကိုယ်ကို စိတ်ချယုံကြည်တတ်သကဲ့သို့နုပျိုပြီး သင့်ကြောက်ရွံ့မှုအတိုင်းအိုမင်း နေပါသည်။ သင့်မျှော်လင့်ချက်ရှိသည့် အတိုင်းနုပျိုနေသကဲ့သို့စိတ်ပျက်ဝမ်းနည်းသည့် အတိုင်း အိုမင်းနေပါမည်။"

(ဒေါက်ကလပ်စ်မက်အာသာ)

စစ်မှန်သောစိတ်နှိမ့်ချခြင်း

အမှန်ကောင်းမြတ်သောသူသည်သူ၏မွန်မြတ်မှုကိုဖော်ပြရန်မလိုပါ၊မကောင်းသော
သူတစ်ယောက်သည်မိမိကောင်းမွန်ကြောင်းကိုကြိုးစားပြသနေသော်လည်း
အချည်းနှီးပင်ဖြစ်၏။

၁။ အမှန်မြင့်မြတ်သောသူတစ်ယောက်သည်လိုအပ်သည်ထက်ပို၍အပြစ်တင်ရှုတ်ချမှုများကို ခံယူတတ်ပြီးချီးမွမ်းမှုကိုမူလျော့၍လက်ခံရယူပေသည်။

၂။ မြှောက်ပင့်ခြင်းသည်ရေမွှေးနှင့်တူ၏။ ၄င်းကိုရှူရှိုက်ရန်သာဖြစ်ပြီးမျိုချ၍မရပါ။

၃။ မှန်ကန်မှုနှင့်မှားယွင်းမှုနှစ်ခုစလုံးတွင်စိတ်နှိမ့်ချခြင်းသည်အကောင်းဆုံးဖြစ်၏။

၄။ တန်ခိုးအာဏာအသုံးချရာတွင်နှိမ့်ချသောစိတ်ကင်းမဲ့ပါကအန္တရာယ်ရှိတတ်သည်။

၅။ မိမိကိုယ်ကိုမေ့လျော့သွားသောအခါကျွန်ုပ်တို့သည်မမေ့မပျောက်နိုင်သောပြုမူခြင်းများကို အလုပ်ကိုင်တတ်ဆုံးဖြစ်သည်။

၆။ ဒေါက်တာဂျေအက်ဖ်ကိုဝမ်သည်တစ်ခါကဘာသာရေးဆိုင်ရာကောလိပ်တစ်ခု၌သင်ကြားမှု အဆင့်တွင် ထူးချွန်အောင်ကောင်းမွန်သော်လည်းဘဏ္ဍာရေးအခက်အခဲနှင့် ရင်ဆိုင်ရပုံကို၎င်းသို့ ပြောပြခဲ့ပါသည်။ တစ်နေ့သောအခါအလွန်ချမ်းသာကြွယ်ဝသောပုဂ္ဂိုလ်တစ်ဦးထိုကောလိပ်နယ်မြေသို့ ရောက်လာပါသည်။ သူသည်အလုပ်သမားဝတ်စုံဝတ်ကာနံရံတွင်ဆေးသုတ်နေသောဆံပင်ဖြူဖြူဖွေးဖွေးနှင့် လူတစ်ဦးကို ကောလိပ်ကျောင်း၏ ဥက္ကဋ္ဌနှင့်တွေ့လိုကြောင်း ပြောလိုက်၏ကောလိပ်ဝင်း အတွင်းရှိ အိမ်တစ်အိမ်ကိုထိုဆေးသုတ်နေသူကညွှန်ပြလိုက်ပြီးကောလိပ်ဥက္ကဋ္ဌအားမိမိအိမ်တွင် မွန်းတည့်ချိန်၌ တွေ့နိုင်မည်မှာ သေချာကြောင်းပြော၏။

သတ်မှတ်သောအချိန်တွင် ကောလိပ်ဥက္ကဋ္ဌအိမ်တံခါးကိုခေါက်လိုက်ရာဒေါက်တာကိုဝမ် အားနံနက်ပိုင်းက စကားပြောဆိုခဲ့သောထိုသူကပင် မိမိဧည့်အိမ်တွင်လက်ခံကြောင်း၊ သို့သော် ယခုတွင်မူအခြားဝတ်စုံကို ဝတ်ဆင်ထားပေသည်။ ကောလိပ်ဥက္ကဋ္ဌ၏နေ့လည်စာတည်ခင်းခြင်း ကိုလက်ခံပြီး၊နံရံဆေးသုတ်သောဥက္ကဋ္ဌအားကောလိပ်ကျောင်း၏လိုအပ်ချက်များနှင့်ပါတ်သက်၍ မေးခွန်းများစွာထုတ်ခဲ့သည်။ နောက်ဆုံး၌အလှူငွေ အနည်းငယ်ပို့လိုက်ပါမည်ဟု ဥက္ကဋ္ဌအား ပြောကြားခဲ့ပါသည်။ နှစ်ရက်ကြာသောအခါ ဒေါ်လာငါးသောင်းတန်ချက်လက်မှတ်တစ်ခုနှင့် အတူကောလိပ် ဥက္ကဋ္ဌထံစာတစ်စောင် ရောက်လာပါသည။ ဥက္ကဋ္ဌရာထူးအတွက် ထိုက်ထိုက်တန်တန် ရှိလှသော်လည်း အလိုအပ်ဆုံးအချိန် တွင်အလုပ်သမားဝတ်စုံဖြင့်အလုပ်လုပ်ပေးတတ်သောစိတ်၊ နှိမ့်ချတတ်သော လူတစ်ယောက်က မိမိအား ဘဏ္ဍာငွေထုတ်ပေးရန် စေ့ဆော်ခဲ့ပြီဟု ပါရှိပါသည်။

အောင်မြင်မှုနှင့်ဆုံးရှုံးမှုများ

သင်အောင်မြင်လိုပါသလား၊ ရိုးရိုးလေးပါ၊ သင်ဘာလုပ်နေသလဲဆိုတာသိပါ။
သင်လုပ်တာကိုမြတ်နိုးနှစ်သက်ပါ၊ထို့နောက်သင်လုပ်နေတာကိုယုံကြည်မှုရှိပါ။

၁။ မည်သည့်ဘာသာစကားတွင်မဆို ရင်နှင့်ဖွယ်ရာအဖြစ်ဆုံး စကားမှာ " ငါဘာလုပ်ခဲ့ရရင်" ဟူ၍ပင်တည်း။

၂။ သင်လုပ်ငန်းတွင်အောင်မြင်ရန်အတွက်သင့်အလုပ်ပေါ်ယုံကြည်စိတ်ချပါ။ရဲရင့်ပါ။ သူမတူအောင်လက်ဦးမှုပြုပါလေ။

၃။ အောင်မြင်မှုဟူသည်ရှုံးနိမ့်မှုကိုပြောင်းပြန်လှည့်လိုက်ခြင်းသာဖြစ်သည်။ သံသယ တိမ်တိုက်များ၏ ငွေရောင်အနားများဖြစ်၏။ ထို့ကြောင့် အပြင်းထန်းဆုံးထိုးနှက်ခံရသည့် ကာလ၌တိုက်ပွဲကိုရဲရဲသာရင်ဆိုင်လိုက်ပါ။ ဆိုးဝါးသောအမှုများနှင့်ရင်ဆိုင်ရသောအချိန် တွင်သင်နောက်ဆုတ်စွန့်ခွာခြင်းမပြုပါနှင့်။

၄။ ကြိုးစားအားထုတ်မှု၌ ကြိုးစားခြင်း ၁၀% နှင့် အားထုတ်ခြင်း ၉၀%ပါဝင်၏။

၅။ လူတိုင်းကိုနှစ်သိမ့်ခြင်းသည်ဆုံးရှုံးမှုကိုဖော်ညွှန်းသောလမ်းပင်ဖြစ်သည်။

၆။ တိုးတက်မှုအတွက်ကျေနပ်နေခြင်းမရှိပါနှင့်။ သို့သော်ပျော်ရွှင်လောက်အောင်တော့ ကျေနပ်မှုရှိတတ်ပါစေ။

၇။ အထက်သို့တစ်ခါမျှမတက်ဖူးသူသည်တစ်ခါမျှပြုတ်ကျခြင်းမရှိပါ။

၈။ မည်သည့်အခါမျှစဉ်းစားခြင်းမရှိခဲ့သောသူသည်ဆုံးရှုံးခြင်းကိုသိမည်မဟုတ်ပါ။

၉။ လူတို့၏အမှားများမှပညာရှိသောသူသည်သူ၏အမှားများကိုပြင်နေ၏။

၁၀။ အမှားများစွာရှိခဲ့သောဘဝသည်ဘာမျှမလုပ်ခဲ့သောဘဝထက်ပို၍ဂုဏ်ရှိပြီး၊ပို၍ အသုံးဝင်လေသည်။

၁၁။ ရည်ရွယ်ချက်အဆက်မပြတ်ထားခြင်းသည်အောင်မြင်မှု၏လျှို့ဝှက်ချက်ပင်ဖြစ်သည်။

၁၂။ စိတ်ပျက်ဝမ်းနဲမှုကို နိုးဆွစေသော အရာကဲ့သို့ မြင်တတ်ပြီး မည်သည့်အခါမျှ စိတ်ဓါတ်ကျဆင်းစေခြင်း အဖြစ် မမြင်ရပါ။

၁၃။ အောင်မြင်မှုဟူသည်လဲကျသွားခြင်းမဟုတ်၊ နောက်တစ်ကြိမ်ထလာခြင်းပင်ဖြစ်သည်။

အောင်မြင်ခြင်းနည်းလမ်း

နေ့စဉ်နေ့တိုင်းတိုက်ပွဲနှင့်သာရင်ဆိုင်ရသောကြောင့်နေ့စဉ်ပင်တိုက်ခိုက်လျှက်နေပါ။

၁။ ဗိုလ်ချုပ်ကြီး ဒေါက်ကလပ်စ်မက်ခ်အာသာ သည်ဤရာစုနှစ်အတွင်း အတော်ဆုံး ဗိုလ်ချုပ်ကြီးနှင့်စစ်သေနင်္ဂဗျူဟာရှင်တစ်ဦးဖြစ်နိုင်ပေသည်။ သူသည်စစ်မြေပြင်၌ ရဲစွမ်း သတ္တိ၊ ဇွဲ လုံ့လနှင့် ပြည့်ဝသူတစ်ဦးဖြစ်ရုံသာမကမိမိ၏ ယုံကြည်ချက်များအတွက် ရင်ဆိုင် တိုက်ခိုက်ရန်မည်သည့်အခါမျှတုံ့ဆိုင်းတတ်သူမဟုတ်ပါ။

အဆုံးတွင် ဘယ်လိုပဲဖြစ်ဖြစ်ဇွဲရှိပါ။ စိတ်ဓါတ်ကြံ့ခိုင်ပါ။မိမိ၏ခံယူချက်များနှင့် အရာရာကိုရဲရင့်စွာရင်ဆိုင်ပါ။ ရဲရင့်သူများအားဖျက်ဆီးရန် ဤကမ္ဘာကြီးကအစဉ်မပြတ် ကြံစဉ်အားထုတ်လျှက်ရှိ၏။တစ်ဘက်တွင်လူအုပ်ကြီး၏အော်ဟစ်ဆူညံသံနှင့်အခြားတစ်ဘက် တွင်သင်၏အသိစိတ်ထိုအရာသည်ကားလူ့သက်တမ်းရှိသ၍ရင်ဆိုင်ရှုန်းကန်ရမည်သာ။

ထို့ကြောင့် –

သင့်ဦးနှောက်ကပြင်ဆင်ထားပြီး<br>
ဆုံးဖြတ်ချက်မှန်ကန်နေက<br>
သင့်အသိစိတ်ဓါတ်ကလည်းအချက်ပြခွင့်ပြုလိုက်သော်<br>
အားကုန်ထုတ်ပစ်လိုက်ပါ<br>
မည်သည့်အရာမျှသင့်အားအတားအဆီးမဖြစ်ပါစေနှင့်။<br>
အရေးမပါသောအရာများကြီးကျယ်ပုံပေါက်ပေမယ့်၊<br>
“ဘာပဲဖြစ်ဖြစ်ငါလုပ်မှာပဲ”ဟုဆိုကာ<br>
အတားအဆီးများအားလုံးလျှင်မြန်သောနေ့ရက်များနှင့်အတူ<br>
ပျောက်ကွယ်သွားလိမ့်မည်။

၂။ မှန်ကန်နေသောဤစကားပုံက “အမှန်တကယ်လုပ်လိုသူကနည်းလမ်းရှာပြီးအခြား တစ်ယောက်မှာတော့ထွက်ပေါက်ကိုရှာ၏”ဒါကြောင့်ဘဝတွင်ဖြစ်နိုင်သောအရာများအားလုံး ကိုရရှိနိုင်ရန်နှင့်မဖြစ်နိုင်သောအရာကိုလည်းစမ်းသပ်လုပ်ကိုင်ဖို့လို၏။ ကျွန်ုပ်တို့ ဖြစ်နိုင် သလောက်ဖြစ်အောင်နေနိုင်ရန်ပို၍သာလွန်သောအခြေအနေကိုမျှော်လင့်စိတ်ကူးရပေမည်။

စစ်မှန်သောမေတ္တာ

ချစ်ခြင်းမေတ္တာကြီးမားသောအခါအလွန်ဆန်းကျယ်သည့်အရာများတွေ့ရှိတတ်၏။

၁။ ပြည့်ဝသောအချစ်အားဖြင့် မအောင်မြင်နိုင်သော အခက်အခဲဟူ၍လည်းကောင်း၊ ပြည့်ဝသောချစ်ခြင်းမေတ္တာအားဖြင့်ကုသ၍ မရနိုင်သောရောဂါဟူ၍လည်းကောင်း လောကတွင်ပြည့်ဝသောချစ်ခြင်းမေတ္တာအားဖြင့်မဖွင့်နိုင်သော တံခါးပေါက်ဟူ၍လည်းကောင်းမရှိ၊ ဖြတ်သန်းမရသော အပြတ်အတောက်၊ ဖယ်ရှားမရသောအတားအဆီး၊ ရွေးနုတ်မရသောအပြစ်ဟူ၍မရှိပါ။ ဒုက္ခဆင်းရဲခြင်းမည်မျှပင် အချိန်ကြာမြင့်စွာအနယ်ထိုင်ပါစေ၊ မျှော်လင့်ခြင်းကင်းဝေးပါစေ၊ ရှုပ်ထွေးမှုများမည်မျှပင်ရှိနေပါစေ၊ အမှားအယွင်းမည်မျှပင်ကြီးမားနေပါစေ၊ အရေးမဟုတ်ပါ။ ပြည့်စုံကြွယ်ဝသောမေတ္တာက ဤအရာများအားလုံးကိုဖျော်ပစ်နိုင်ပေသည်။

၂။ အချစ်ခံရခြင်းသည် တန်ဖိုးအရှိဆုံးသောလက်ဆောင်ကို လက်ခံရရှိခြင်းပင်ဖြစ်သည်။

၃။ အချစ်ဟူသည် နှလုံးသား၏ လန်းဆန်းမှုအာရုံပင်ဖြစ်သည်။

၄။ အချစ်တွင် ပြည့်ဝသော ယုံကြည်အားကိုးမှုရှိ၏။

၅။ ဖယောင်းတိုင်မီးစာကို ငြိမ်းစေသော လေသည်ပင်၊ မီးထတောက်ရန် နှိုးဆွပေးတတ်ပေသည်။ ထို့ကြောင့်အခက်အခဲ ရင်ဆိုင်ရခြင်းအတွက် အနည်းငယ်သောအချစ်ပျက် ပျယ်ရပေမည်။ သို့သော် ထိုခက်ခဲစုံစမ်းမှုကြောင့် ကြီးမားသောအချစ်ဖြစ်ပေါ်လာပေမည်။

၆။ ကမ္ဘာပေါ်တွင်အထီးကျန်ဆုံးသောနေရာကားချစ်ခြင်းမေတ္တာကင်းမဲ့သောလူသား၏နှလုံးသားပင်ဖြစ်ပါသည်။

၇။ အံ့သြဆန်းကျယ်သောနည်းလမ်းဖြင့်ချစ်ခြင်းမေတ္တာသည်လှုပ်ရှားနေ၏။ ဘဝတွင် မေတ္တာအားဖြင့်မပြောင်းလဲနိုင်သောအရာဟူ၍မရှိ။ချစ်ခြင်းသည်တစ်ကိုယ်ကောင်းမဆန်ပါ။ကြင်နာမှု၊ နားလည်မှုများရှိပြီးမေတ္တာသည်ဦးနှောက်ဖြင့်မမြင်ဘဲနှလုံးသားဖြင့်မြင်တတ်ပါသည်။

၈။ ချစ်ခြင်းမေတ္တာဟူသမျှစစ်မှန်ကအားလုံးအောင်မြင်သွားမည်သာ။

၉။ ချစ်ခြင်းမေတ္တာဟူသည်ဘုရားသခင်၏တန်ဖိုးနှင့်အလင်းပင်ဖြစ်သည်။

၁၀။ အငယ်ဆုံးသောကလေးသူငယ်ပင်လျှင်ချစ်ခြင်းမေတ္တာကိုသဘောပေါက်တတ်၏။

၁၁။ ချစ်ခြင်းမေတ္တာသည် နာကျင်မှုကိုဖြစ်ပေါ်စေတတ်၏။ သို့သော်နာကျင်မှုမှပင်အောင်မြင်မှုကို ဖြစ်ပေါ်စေ၏။

၁၂။ ချစ်ခြင်းမေတ္တာဆိုတာဘာလဲ။

သူတစ်ပါးနာကြည်းစေမှုများကိုမပြောမဆိုခြင်း၊
အိမ်နားနီးချင်းများတိုတောင်းပါကစိတ်ရှည်ခြင်း၊
အတင်းအဖျင်းများကိုနားမထောင်ခြင်း၊
အခြားသူများ၏သောကများအပေါ်စာနာထောက်ထားခြင်း၊
တာဝန်ဝတ္တရားကို လျင်မြန်စွာတုံ့ပြန်ခြင်း၊
ကံဆိုးမိုးမှောင်ကျသောကာလ၌ဖွဲ့လုံ့လရှိခြင်းပင်ဖြစ်သည်။

## ဆုံးရှုံးမှုအပေါ်အနိုင်ယူခြင်း

ဒုက္ခဆင်းရဲများစွာခံစားခဲ့ရခြင်းသည်ဘာသာစကားပေါင်းမြောက်များစွာပြောဆိုတတ်သည်နှင့်တူ၏။
ဒုက္ခခံစားရသူအားလူအများနှင့်တွေ့ဆုံစေ၏။

၁။ အကောင်းမြင်တတ်သောသဘောဖြင့်ဆုံးရှုံးမှုကိုအနိုင်ယူလိုက်သောအဖြစ်အပျက်ကိုလေ့လာကြည့်ကြပါစို့။ နှလုံးသားကိုထိခိုက်စေသောဟင်နရီဖောဆက်ဆိုသည့်လူငယ်တစ်ဦး၏ အဖြစ်မှန်တစ်ခုက – တစ်နေ့တွင် ဟင်နရီကို ၄င်းဖခင်က တောလိုက်ထွက်ရာတွင် ခေါ်သွားပါသည်။ သားအဖနှစ်ဦး တောရဲတိရစ္ဆာန်များကိုအမဲလိုက်ခြင်းဖြင့်အချိန်ကိုကောင်းစွာအသုံးပြုခဲ့ပါသည်။ သို့သော်မထင်မှတ်ဘဲဖခင်၏အမှားကြောင့်သားငယ်၏မျက်စိနှစ်လုံးကိုသေနတ်ထိမှန်သွားသဖြင့်မျက်ကန်းဘဝသို့ရောက်စေခဲ့ပါသည်။ ထိုစဥ်ကသားမှာအသက် ၂၀နှစ်သာရှိသေးသည်။

ထိခိုက်ဒဏ်ရာမရရှိမီကသားမှာအညွန့်တလူလူနှင့်ကြီးမားသောမျှော်လင့်ချက်များပြည့်ဝနေသောလူတော်တစ်ဦးဖြစ်ပါသည်။ ထိုထိခိုက်ဒဏ်ရာရခြင်းအတွက်လူငယ်လေး၏ ခါးသီးနာကျင်သောစိတ်ဓါတ်ကျဆင်းမှုများအတွက်မည်သူကမျှလူငယ်လေးအားအပြစ်ပြောဆိုမည်မဟုတ်ပါ။ ထိုအတိုင်းပင် လူငယ်လေးကလည်းပထမတွင်ထင်မှတ်ခဲ့၏။ သို့သော်အလွန်ဆိုးရွားသောဘဝအခြေအနေကိုရင်ဆိုင်အောင်မြင်သွားစေပြီးတည်ငြိမ်မှုရရှိလာရန်ကူညီဖန်တီးလာသောအကြောင်းတစ်ခုပေါ်လာ၏။ ထိုအကြောင်းသည် ကားလူငယ်သည်မိမိဖခင်ကိုအလွန်ချစ်မြတ်နိုးပြီး၊ မိမိဖခင်သည် မိမိအပေါ်ပြုမိခဲ့ခြင်းအတွက်သောက ဖုံးလွှမ်းပြီးရူးလုမတတ်ခံစားနေရကြောင်းကိုနားလည်သဘောပေါက်ခြင်းပင်ဖြစ်သည်။

လူငယ်သည်ဖခင်၏စိတ်ဝေဒနာဖြစ်ပွားနေခြင်းမှကယ်တင်ရန်နည်းလမ်းမှာဆိုးရွားသောသောကဖြစ်နေမည့်အစားမျှော်လင့်ခြင်းကိုရွေးချယ်ရန်နည်းလမ်းတစ်ခုတည်းသာရှိကြောင်း သိလိုက်သောကြောင့်ထိုလမ်းကိုရွေးလိုက်၏။ သူကဝမ်းနည်းကြေကွဲနေသော်လည်း ရွှင်ပြပျော်မြူးသကဲ့သို့ဟန်ဆောင်လိုက်၏။ သူခံစားမှုကင်းသည့်ဘဝကိုပင် စိတ်ဝင်စားသကဲ့သို့ဟန်ဆောင်လျှက် အရေးပါသောလူတစ်ယောက်အဖြစ်ဟန်ဆောင်မျှော်လင့်လျှက်နေ၏။ အမှန်မှာထိုသူငယ်သည်ဘာမှမျှော်လင့်ချက်ထားစရာမရှိခဲ့ပါ။

သို့သော်မထင်မှတ်သောအကြောင်းတစ်ခုဖြစ်ပေါ်လာပြန်၏။ ဘဝအတွက်အားမာန်များပြန်လည်ဖြစ်ပေါ်လာ၏။ ဘဝတွင်ရင်ဆိုင်ရုန်းကန်ပြီး အကောင်းဆုံး ဖြစ်လာစေရေးအတွက် လုပ်ဆောင်ရန်သံန္နိဌာန်ချလိုက်၏။ သို့နှင့်ဟင်နရီဖောဆက်သည် ပါလီမန်တွင်အရွေးခံလိုက်ပြီး ဩဇာညောင်းသောအမတ်တစ်ဦးအဖြစ် တစ်သက်လုံးကျော်ကြားခဲ့လေ၏။ သူ၏ဘဝနောက်ပိုင်း ကာလတွင်ဝန်ကြီးချုပ်ဝီလီယံဂလက်စတုံး၏ မေတ္တာရပ်ခံချက်အရ စာတိုက်မင်းကြီးဖြစ်လာခဲ့ပါသည်။ ဟင်နရီဖောဆက်၏ဆောင်ရွက်ချက်ကြောင့် အင်္ဂလန်နိုင်ငံ၏ စာပို့နှင့်ကြေးနန်းစနစ်များ တိုးတက်ဖွံ့ဖြိုးလာပါသည်။ ချောထုပ်ပို့ခြင်း နှင့်စာတိုက်ငွေပို့လွှာများပထမဆုံးပေါ်ပေါက်လာခဲ့ပါသည်။

၂။ အမှောင်ထုထဲတွင်ရပ်ပြီး အားလုံးအလင်းရောင်ဖုံးလွှမ်းနေသကဲ့သို့ မှတ်ယူနိုင်ခြင်းကားအောင်မြင်မှုပင်ဖြစ်သည်။ ဤစကားမှာအလွန်မှန်လှပေသည်။

၃။ ကမ္ဘာကျော် ဟဲလင်ခဲလာသည် နားမကြားရုံသာမက တစ်သက်လုံးမျက်မမြင်တစ်ဦးဖြစ်ခဲ့ရာသူ၏မိန့်မှာချက်ကား မှောင်မိုက်ခြင်းကိုကျိန်ဆဲမည့်အစား ဖယောင်းတိုင်ကိုထွန်းပါ၊ နေသာရာသို့မျက်နှာမူပါ၊ သင့်အရိပ်များကိုမြင်ရတော့မည်မဟုတ်ပါ။

သင်ထင်မြင်သကဲ့သို့ဆက်နွယ်ဖြစ်ပေါ်လာတတ်၏

လူတွေကိုသူတို့ရှိသင့်သည့်အခြေအနေ၌ရှိသည်ဟုမြင်တွေ့ဆက်ဆံပါ။
ဤနည်းဖြင့်၄င်းတို့ကိုစွမ်းဆောင်တတ်သူများဘ၀သို့မြှင့်တင်ပေးရာရောက်၏။

၁။ လူတစ်ယောက်၏ ထင်မြင်မျှော်လင့်ခြင်းသည် အခြားသူတစ်ဦး၏ ပြုကျင့်လုပ်ကိုင်မှု အပေါ် လွှမ်းမိုးနိုင်၏။ အဘယ်ကြောင့်ဆိုသော် လူများသည်၄င်းတို့အပေါ် မျှော်လင့်ထားသကဲ့သို့ ဖြစ်သွားတတ်၏။ အချိန်ကြာမြင့်စွာကပင် သမားတော်ကြီး၏ အကောင်းမြင် မျှော်လင့်ထင်မြင်ချက်များကြောင့် လူနာမှာ သက်သာရာရရှိသွားသကဲ့သို့ ဖြစ်သွားသည်ကို ကျွန်ုပ်တို့သိရှိကြပြီးဖြစ်သည်။

နွေရာသီစခန်းတစ်ခုတွင် ထက်ဝက်ကျော်သောရေကူးနည်းပြများသည်အသက် (၇)နှစ်မှ (၁၄)နှစ်အတွင်းရှိ ယောက်ျားနှင့် မိန်းကလေးများအား ''အဆင့်မြင့်စွမ်းဆောင်နိုင်သူများ'' အုပ်စု အဖြစ်ယုံကြည် သဘောပေါက်ထားလိုက်ပါသည်။ ထိုအုပ်စုအတွင်းရှိ ကလေးများမှာလည်းပိုမို ကောင်းမွန်လာသော ရေကူးသမားများဖြစ်လာကြပါသည်။ အမှန်မှာထိုကလေးအုပ်စုသည်အခြား ကလေးများနှင့် ပင်ကိုယ်အရည်အချင်းတွင် ထူးခြားသာလွန်ခြင်းမရှိပါ။

လူသည်နိမ့်ခြင်း၊ စိတ်မရှည်ခြင်းနှင့်ခွဲခြားခြင်းထက် ချီးမွမ်းခြင်း၊အားပေးခြင်းနှင့်ယုံကြည် စိတ်ချခြင်းတို့ဖြင့် ပိုမိုကောင်းမွန်အောင်မြင်တတ်၏။ လူအများကိုပြဿနာထက်စွမ်းဆောင်နိုင်သူ များ၊ အားနည်းသူများထက်ခွန်အားရှိသူများ၊ ထိုင်းမှိုင်းတုန့်ဆိုင်းသူများထက် အကန့်အသတ်မရှိ စွမ်းဆောင်နိုင်သူများအဖြစ် မြင်တွေ့လက်ခံပါက ထိုသူတို့သည်ကြီးပွားပြီး၊ မိမိတို့၏စွမ်းရည် အပြည့်အဝ တိုးတက်လာမည်ဖြစ်သည်။

သူတစ်ပါးအပေါ်လေးစားခြင်းနှင့်လှိုက်လှဲစွာသိနားလည်တတ်ခြင်းရှိပါကအပူရှိန်ကဲ့သို့ လည်းကောင်းလေထဲတွင် သင်းပျံ့သောအမွှေးနံ့ကဲ့သို့လည်းကောင်းထင်ရှားကာသင်၏ဆက်ဆံရေးများလည်းကောင်းမွန်နေပေလိမ့်မည်။

၂။ ဝိညာဏအမြင်သူတစ်ပါးကိုသင်မည်သို့ရှုမြင်နေသနည်း။ သူတို့ကိုဝေဖန်သောမျက်လုံးများဖြင့်ကြည့်နေ ပါသလား။ သူတစ်ပါး၏ချွတ်ယွင်းမှု၊ ဆုံးရှုံးမှုနှင့်အရည်အချင်းမပြည့်မီမှုများကြောင့် သင်စိတ် အနှောင့်အယှက်ဖြစ်နေပါသလား။ သို့မဟုတ် သူတစ်ဖက်သား၏ကောင်းမြတ်ခြင်းနှင့် ထူးခြား ပြောင်မြောက်မှုများကိုတွေ့နေပါသလား။ သူတစ်ပါးအပေါ်သင်၏စိတ်ထားအမှန်ကားဘယ်အရာ နည်း၊ သူတစ်ပါးနှင့် ဆက်ဆံရေးတွင် အောင်မြင်ခြင်းအစသည် သင်သူတစ်ပါးအပေါ်စတင်မြင်တွေ့သည့်အတိုင်းပင်ဖြစ်ပေသည်။

သူတစ်ပါးအပေါ်စိတ်ဝင်စားမှုသည်သင်၏နှလုံးသားမှဖြစ်ပေါ်လာသင့်သည်။သူတစ်ပါး ကိုအမှန်တကယ် အလေးဂရုပြုပြီး သူတို့ဖြစ်မြောက်နိုင်စွမ်းရှိသမျှကူညီလိုစိတ်ရှိပါက သင့်တွင် ရှားပါးလှသော ရတနာတစ်ခုထက်ချစ်မြတ်နိုးဖွယ်လက်ဆောင်ပစ္စည်းတစ်ခု ပိုင်ဆိုင်နေလေပြီ။ ပေးဆပ်ပါသင်၏အလိုရှိမှု၊ နှစ်သက်မှုကိုပြပါ။ အနည်းငယ်မျှသောသဘောကျနှစ်သက်မှုလေးသည်လူတစ်ဦး၏ဘဝကိုလှုပ်ရှားစေပေသည်။

ကျွန်ုပ်တို့၌ဖြစ်ပေါ်လာသမျှအကြောင်းအရာအတော်များများအတွက်
ကျွန်တော်တို့၏တာဝန်ချည်းမဟုတ်ပါ။ သို့သော်ထိုဖြစ်ပေါ်လာမှုများအပေါ်
တုံ့ပြန်ရင်ဆိုင်ရာတွင်မူကျွန်ုပ်တို့မှာတာဝန်ရှိကြ၏။

အလေးပေးလိုက်နာသင့်သည့်သင်ခန်းစာကား
ထပ်ခါထပ်ခါကြိုးစားပါ၊
အစပထမအကြိမ်တွင်သင်မအောင်မြင်ပါက
ထပ်ခါထပ်ခါကြိုးစားပါ၊
ထိုအခါရဲစွမ်းသတ္တိပေါ်ပေါက်လာမည်
သင်၌ဖွဲလုံ့လရှိပါက
ကြောင့်ကြစရာမလို၊ အနိုင်ရမည်သာ
ထပ်ခါထပ်ခါသာကြိုးစားပါ။

တစ်ကြိမ်နှစ်ကြိမ်သင်ဆုံးရှုံးရသော်လည်း
ထပ်ခါထပ်ခါကြိုးစားပါ၊
နောက်ဆုံးတွင်အောင်မြင်နိုင်နင်းလိုပါက
ထပ်ခါထပ်ခါကြိုးစားပါ၊
ကြိုးပမ်းပါလျက်ပန်းတိုင်မရောက်ခြင်းကြောင့်
ရှက်ဖွယ်ဟုမထင်အပ်ပါ
ထိုနေရာ၌သင်လုပ်သင့်သည်ကား
ထပ်ခါထပ်ခါကြိုးစားပါ။

အချိန်ကျသော်သင်လာဘ်ရမည်
ထပ်ခါထပ်ခါသာကြိုးစားပါ၊
လူတကာလုပ်နိုင်တဲ့အရာများ
သင်ကောစိတ်ရှည်ရှည်နှင့်မလုပ်သင့်ဘူးလား
ဤစည်းမျဉ်းသာအမြဲရှုမြင်ကာ
ထပ်ခါထပ်ခါကြိုးစားပါလေ။